
mgyoe.com

SAMPLE BOOK


# မျှော်လင့်ချက်မဲ့
# အခြေအနေဆိုတာမရှိဘူး

လူထုစိန်ဝင်း



mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၅၃၁

# မျှော်လင့်ချက်မဲ့အခြေအနေဆိုတာ မရှိဘူး

## လူထုစိန်ဝင်း

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၈၂၅၅ ၉၄၈၊ ၀၉ ၂၅ ၄၈ ၄၈ ၀၄၈။
*e-mail: theeras2001@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

မျှော်လင့်ချက်မဲ့ အခြေအနေဆိုတာ မရှိဘူး

လူထုစိန်ဝင်း

ဒုတိယအကြိမ်၊ ဇွန်၊ ၂၀၂၀။

ပထမအကြိမ်၊ မတ်၊ ၂၀၁၇၊ အခွင့်အလမ်းစာအုပ်တိုက်။

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၄၀၀၀ ကျပ်

**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** ဦးလပြည့်ဝေး၊ လပြည့်လင်းပုံနှိပ်တိုက် (၀၁၃၆၉)၊ အမှတ် ၁၁(H)၊ ၅၅ လမ်း(အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** သင်းရည်လွင်၊ **ကွန်ပျူတာစာစီ** သရဖီ။ **စာအုပ်ချုပ်** ကိုမြင့်။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | |
|---|---|
| ၁။ စာညွှန်း၊ ထပ်ညွှန်း၊ ထပ်ဆင့်ညွှန်းတွေ | ၉ |
| ၂။ မျှော်လင့်ချက်မဲ့ အခြေအနေဆိုတာ မရှိဘူး | ၁၃ |
| ၃။ ဖြစ်ကတတ်ဆန်းလုပ်တတ်တဲ့ အကျင့် | ၁၇ |
| ၄။ ရိုးသားမှုက အရေးအကြီးဆုံး | ၂၀ |
| ၅။ မဖြစ်နိုင်တာ ဘာမှမရှိ | ၂၄ |
| ၆။ အလှမ်းကျယ် အလယ်လပ် မဖြစ်စေချင် | ၂၈ |
| ၇။ ခေတ်မီခြင်းနဲ့ ခေတ်ဆန်ခြင်း | ၃၂ |
| ၈။ သာမန်လူများ စုပါမှ ဖြစ်မယ် | ၃၆ |
| ၉။ ဖီးကွက်ရုပ်နဲ့ သူဌေးဖြစ်နိုင်တယ် | ၄၀ |
| ၁၀။ စွယ်စုံရ ဖြစ်ဖို့လို | ၄၄ |
| ၁၁။ အဆိပ်စာ | ၄၇ |
| ၁၂။ သန်ပေမဲ့ မစွမ်းသူတွေအတွက် | ၅၁ |
| ၁၃။ အရိပ်မခိုချင်နဲ့ | ၅၅ |
| ၁၄။ ကွက်လပ်ဖြည့်သူ | ၅၉ |
| ၁၅။ ယောက်ျားတွေ အတင်းပြောတတ်တယ် | ၆၃ |
| ၁၆။ အချိန်ဇယားနဲ့ အလုပ်လုပ်တတ်ဖို့ | ၆၆ |
| ၁၇။ စာနယ်ဇင်းသမား အရှောင်နဲ့ အဆောင် | ၇၃ |


mgyoe.com

mgyoe.com SAMPLE BOOK


၁၈။ လက်ဆောင်ဆိုတာ ၇၅

၁၉။ သူတို့ဆီက လက်ဆောင်ကိစ္စ ၇၉

၂၀။ စာဖတ်ရင် စဉ်းစားစရာ ပါရမယ် ၈၄

၂၁။ ပတ်ဝန်းကျင် ညစ်ညမ်းမှုလား၊
ပတ်ဝန်းကျင် အဆိပ်သင့်မှုလား ၈၈

၂၂။ အနေလှသလို အသေလှဖို့ အရေးကြီးတယ် ၉၁

၂၃။ ပြဿနာထဲမှာ အဖြေရှိတယ် ၉၄

၂၄။ ဆင်းရဲခြင်းမှာ ကောင်းကွက်ရှိတယ် ၉၇

၂၅။ နှစ်သစ်နဲ့ အဓိဋ္ဌာန် ၁၀၀

၂၆။ အရေအတွက်နောက် မလိုက်နဲ့
အရည်အသွေး အဓိကထား ၁၀၄

၂၇။ ဟိုစပ်စပ်၊ ဒီစပ်စပ် ဘာမှတော့ မတတ် ၁၀၈

၂၈။ ပျံပါ ပျံပါ ပျံစမ်းပါ ၁၁၂

၂၉။ ပညာသည်တွေ ပညာသည်ပီသဖို့ လိုတယ် ၁၁၆

၃၀။ ပလတ်စတစ်ခေတ်နဲ့ ဖက်ယဉ်ကျေးမှု ၁၂၀

၃၁။ ကမ္ဘာ့အနိဋ္ဌာရုံ အားလုံးရဲ့ တရားခံ ၁၂၄

၃၂။ အင်္ဂလိပ်စကား ပြောတတ်ချင်သူများအတွက် ၁၂၇

၃၃။ မျက်စိကို ဖွင့်၊ နားကို စွင့် ၁၃၃

၃၄။ အိမ်တွင်းစစ်တွေ ငြိမ်းအေးဖို့ ၁၃၈

၃၅။ လူငယ်နဲ့ ယုံကြည်မှု ၁၄၂

၃၆။ ကြားရင် နားခါးတဲ့အကြောင်း ၁၄၅

၃၇။ အလုပ်နဲ့ ဂုဏ် ၁၄၈

၃၈။ နှစ်သစ်ကို အိပ်မက်သစ်တွေနဲ့ ကြိုဆိုရအောင် ၁၅၂

၃၉။ ခေတ်ရှေ့က ပြေးပါ ၁၅၅

၄၀။ မရှိမဖြစ် အာရ်နဲ့ ဒီ ၁၆၀

၄၁။ စဉ်းစားတတ်အောင် ပညာသင်ပါ ၁၆၄

၄၂။ အလုမကြိုက် လူမိုက် ၁၆၈

၄၃။ လူငယ်တွေ မညံ့ဘူး၊ မဖျင်းဘူး ၁၇၂

၄၄။ လုပ်စရာ စီးပွားရေးလုပ်ငန်းတွေ ပေါမှပေါ ၁၇၇


mgyoe.com

mgyoe.com SAMPLE BOOK


၄၅။ တန်ဖိုးတွေ ပြောင်းကုန်ကြပြီတဲ့လား ၁၈၂
၄၆။ ငယ်ငယ်က ကျူရှင်အားကိုး၊ ကြီးတော့ ပွဲစားအားကိုး ၁၈၅
၄၇။ နယ်ခြားမဲ့ ရောဂါပိုးများ ၁၈၉
၄၈။ တတ်ရင်၊ တော်ရင် ပြီးရောလား ၁၉၂
၄၉။ ယဉ်ကျေးခြင်းဆိုတာ ၁၉၆
၅၀။ ကလေးတွေ လိမ္မာကြပါတယ် ၂၀၀
၅၁။ စိတ်မပျက်နဲ့၊ လမ်းပြပါ ၂၀၄
၅၂။ ဂျာနယ်အလုပ်ကို ခပ်ပေါ့ပေါ့ သဘောမထားကြဖို့ ၂၀၇
၅၃။ စာနယ်ဇင်းသမားတို့အတွက် မေးခွန်းသုံးခု ၂၁၂
၅၄။ အလုပ်တွေပေါတဲ့ မြန်မာပြည် ၂၁၇
၅၅။ အနုပညာလောကနဲ့ မူးယစ်ဆေးဝါး ၂၂၀
၅၆။ ဧဝရက်ကိုအောင်နိုင်တဲ့ ခြေနှစ်ဖက် မရှိသူ ၂၂၃
၅၇။ ယဉ်ကျေးမှု မဆိတ်သုဉ်းစေဖို့ ၂၂၆
၅၈။ အကျပ်အတည်းကို အခွင့်အလမ်းအဖြစ် ပြောင်းလိုက် ၂၃၀
၅၉။ လုပ်နိုင်မှ အမိဋ္ဌာန်ပြုပါ ၂၃၄
၆၀။ စိတ်မပျက်နဲ့၊ အားတင်းပါ ၂၃၈
၆၁။ ပရဟိတစိတ်ဓာတ် ဖွံ့ဖြိုးရေး ၂၄၄
၆၂။ သခင်စိတ်တွေ ပြန်လည်နိုးကြားလာစေဖို့ ၂၄၈


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# စာညွှန်း၊ ထပ်ညွှန်း၊ ထပ်ဆင့်ညွှန်းတွေ

သတင်းစာသမား လုပ်လာခဲ့ရာက ဖျောက်မရအောင် စွဲနေတဲ့အကျင့် တစ်ခုကတော့ စာမဖတ်ရ မနေနိုင်တာ ဖြစ်တယ်။ စွဲတာက တော်ရုံမဟုတ်ဘူး။ ဘိန်းသမား ဘိန်းစွဲသလိုကို စွဲတာ။ ပြည်တွင်းကထွက်တဲ့ သတင်းစာတွေဆို မန္တလေးက သတင်းစာ၊ မြို့တော်သတင်းစာပါမကျန် ဖတ်ချင်တာ။ နိုင်ငံခြား သတင်းစာ၊ မဂ္ဂဇင်းတွေဆိုလည်း ဝယ်လို့ရသမျှ အားလုံးဖတ်ရမှ ကျေနပ်အားရတာ ဖြစ်ပါတယ်။

မနက်လင်းရင် မှုခင်းတို့၊ ဂမ္ဘီရတို့ပါမကျန် ဂျာနယ်မျိုးစုံ အရင်ဆုံး ဖတ်ပါတယ်။ အဲဒီလိုဖတ်ရာမှာ ကသိကအောက်ဖြစ်ရတာတွေ နေ့စဉ်မပြတ် တွေ့နေရပါတယ်။ ဂျာနယ်တော်တော်များများဟာ စာဖတ်သူ အဆင်ပြေစေရေး (reader friendly) ကို သိပ်ပြီး အလေးမထားကြပါဘူး။ ကိုယ့်ဘာသာ လုပ်ရကိုင်ရ လွယ်ကူချောမွေ့ရေးကိုသာ အဓိကထားနေကြတာ တွေ့နေရပါတယ်။

ပထမဆုံး ကသိကအောက်ဖြစ်ရတာက ဂျာနယ်၊ မဂ္ဂဇင်းစာမျက်နှာနံပါတ် ရှာရခက်တဲ့ကိစ္စပါ။ တချို့ဂျာနယ်များက စာရွက်ရဲ့ဘယ်ဘက်စွန်းမှာမှ စာမျက်နှာနံပါတ်ထိုးပြီး တချို့က ညာဘက်မှာ ထိုးပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

တချို့ကျတော့ စာရွက်ရဲ့အလယ်တည့်တည့်မှာ ထိုးပါတယ်။

တချို့က စာရွက်ရဲ့အပေါ်ဘက်မှာ တပ်ကြပြီး တချို့က စာရွက်အောက်ဘက်မှာ တပ်ကြပါတယ်။ အားလုံး တစ်ပြေးညီမရှိတော့ စာနယ်ဇင်းတွေ အများကြီး ထိုင်ဖတ်နေတဲ့သူအဖို့ တော်တော်စိတ်ညစ်ရပါတယ်။ ဟိုဘက် ရှာလိုက်ရ၊ ဒီဘက် ရှာလိုက်ရနဲ့ မျက်လုံးကို ချာချာလည်နေပါတော့တယ်။ ဒီထဲ တချို့ဂျာနယ်များက ဂျာနယ်ရဲ့လိုဂို ထားတဲ့နေရာမှာ စာလုံးခပ်သေးသေးနဲ့ ရေးထိုးထားလေတော့ ရှာလို့ကို မတွေ့ရတော့ပါဘူး။

စာအုပ်စာတမ်းတွေမှာ စာကြောင်းကို အတန်းလိုက်စီပြီး ဘယ်ဘက်က စဖတ်ရအောင် လုပ်ထားတာဟာ ဘယ်ခေတ်က ဘယ်နိုင်ငံမှာ စခဲ့တယ်ဆိုတာ မသိပေမဲ့ အခုတော့ တစ်ကမ္ဘာလုံး လိုက်နာတဲ့စနစ် ဖြစ်နေပါပြီ။ ရှေးရှေးက ဒေါင်လိုက်ရေးတဲ့ တရုတ်တို့၊ ဂျပန်တို့ စာတွေတောင် နောက်ပိုင်းမှာ အတန်းလိုက် ဖြစ်ကုန်ကြပါတယ်။ နောက်ပြီး ရှေးက တရုတ်စာတွေဖတ်ရင် စာအုပ်နောက်ဆုံးမျက်နှာက စပြီး ရှေ့ဘက်ကို လှန်ဖတ်သွားရပါတယ်။ စာစီတာလည်း ဒေါင်လိုက်ပါ။ ခေတ်သစ်မှာတော့ ကမ္ဘာတစ်ခုလုံးက ပုံစံအတိုင်း ရှေ့မျက်နှာစာကစပြီး အတန်းလိုက် ဖတ်ရပါတယ်။

ဒီလို အတန်းလိုက် ဘယ်ဘက်က စပြီးဖတ်ရတဲ့စနစ်ဟာ လူတွေရဲ့ မျက်စိ ကြည့်ရှုကြည့်စဉ်ကို လိုက်ပြီး လုပ်ဆောင်ထားတာပါ။ တမင်ထွင်ချင်လို့ ထွင်ထားတာ မဟုတ်ပါဘူး။ စာမျက်နှာနံပါတ် တပ်ရာမှာလည်း အဲဒီသဘောပါပဲ။ လူ့မျက်စိအတွက် အဆင်ပြေအောင် လုပ်ဆောင်ထားတာ ဖြစ်ပါတယ်။ ခုခေတ် ကွန်ပျူတာစကားနဲ့ ပြောရရင်တော့ user friendly ဖြစ်တယ်ပေါ့။ အဲဒီလို သုံးစွဲသူ၊ စာဖတ်သူအတွက် စာမျက်နှာနံပါတ်တပ်ရာမှာ အားလုံး တစ်ပုံစံတည်း (uniform) ဖြစ်အောင် ဆောင်ရွက်ကြရင် သိပ်ကောင်းမှာပါ။

နောက်ထပ် ကသိကအောက်ဖြစ်ရတာ တစ်ခုကတော့ စာမျက်နှာညွှန်းတာတွေ အလွန်အမင်းများနေတဲ့ကိစ္စ ဖြစ်ပါတယ်။ ဒီနေ့ ဖတ်တဲ့ ဂျာနယ်နှစ်စောင်မှာ သုံးခါ ဆက်ညွှန်းလို့ သုံးခါ ရှာဖတ်ရပါတယ်။ နောက်တစ်စောင်က နှစ်ခါ ထပ်ညွှန်းပါတယ်။ နောက်ဂျာနယ်နှစ်စောင်ကတော့ မြန်မာပြည်မှာသာမက ကမ္ဘာမှာတောင် တစ်ခါမှ မတွေ့ဖူးတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

အညွှန်းပါ။ စာမျက်နှာအညွှန်းမှန်သမျှ နောက်ကျောဖုံးကနေ အတွင်းစာမျက်နှာကို ညွှန်းတာကလွဲရင် ရှေ့စာမျက်နှာများကိုသာ ညွှန်းလေ့ရှိပါတယ်။ ဒါဟာ စာနယ်ဇင်းကျင့်ထုံးလို ဖြစ်နေပါပြီ။

အခုတွေ့လိုက်ရတဲ့ ဂျာနယ်နှစ်စောင်ကတော့ ရှေ့ကနေ နောက်ကို ပြန်ညွှန်းထားတာပါ။ ဥပမာ – စာမျက်နှာ ၂၁ က မပြတ်သေးတဲ့ စာကို စာမျက်နှာ ၁၃ မှာ ဆက်ပါလို့ ညွှန်းတာမျိုး ဖြစ်ပါတယ်။ တော်တော်ကို ကသိကအောက် ဖြစ်ရပါတယ်။ စာမျက်နှာ ၁၃ ကို ရှာရတဲ့ ဒုက္ခကလည်း မသေးလှပါဘူး။ တော်ရုံစာမျိုးဆိုရင် ရှာမဖတ်ချင်တော့တာနဲ့ ထားရစ်ခဲ့ပြီး တခြားစာတွေ ဆက်ဖတ်သွားကြတာ များပါတယ်။

ဒီကိစ္စက အယ်ဒီတာနဲ့ ဆိုင်ပါတယ်။ အယ်ဒီတာက စာမူတွေ စီစဉ်ကတည်းက ဘယ်စာမူမျိုးကို ဘယ်စာမျက်နှာမှာ ထားမယ်၊ ဘယ်စာမျက်နှာတွေမှာ ညွှန်းစာထည့်မယ်၊ ဘယ်စာမျက်နှာတွေ အရင်ရိုက်ပြီး ဘယ်စာမျက်နှာတွေ နောက်ဆုံးမှ ရိုက်မယ် ဆိုတာများကို အကွက်ချ စီစဉ်ရပါတယ်။ ဒီဇိုင်းဆရာကို အကြမ်းဖျင်း ဒမ်မီ (dummy) ချပေးလိုက်ရပါတယ်။ ဘယ်စာမူက ပိုအရေးကြီးတယ်၊ ဘယ်သတင်းက ပိုကောင်းတယ်ဆိုတာကို အယ်ဒီတာက ပိုသိတာဖြစ်ပါတယ်။ ဒါက ဒီဇိုင်းဆရာရဲ့ တာဝန် မဟုတ်လို့ သူက စဉ်းစားမှာမဟုတ်ပါဘူး။ သူကတော့ စာမျက်နှာ ဒီဇိုင်း လှဖို့သာ မိတ်ကပ်လိမ်းပေးမှာ ဖြစ်ပါတယ်။

အယ်ဒီတာက မျက်နှာလွှဲ၊ ခဲပစ် လုပ်တတ်တဲ့သူဆိုရင် မိတ်ကပ် ဒီဇိုင်းဆရာ လက်စွမ်းပြတာကြောင့် စာတွေ လုံးဝ ဖတ်မရအောင် ဖြစ်သွားတာမျိုးတွေ အများကြီး တွေ့ခဲ့ဖူးပါတယ်။ စာစောင် အဖွင့်စာမျက်နှာ မာတိကာမှာ ဖြစ်လေ့ရှိပါတယ်။ မိတ်ကပ်ဆရာက မာတိကာမှာ လက်စွမ်းပြပြီး သူ့စိတ်ကြိုက်အရောင်နဲ့ ပန်းပွင့်၊ လိပ်ပြာ စတာလေးတွေကို နောက်ခံ ထည့်ထားတတ်ပါတယ်။ တစ်ခါတစ်ခါမှာ နောက်ခံအရောင် ရင့်ရင့်ပေါ်မှာ မာတိကာကို စာလုံးမည်းနဲ့ ခပ်သေးသေး ရိုက်တော့ ဘာစာမှ ဖတ်မရတော့ပါဘူး။ အဲဒီတော့ အဲဒီစာမျက်နှာ နှစ်ခုဟာ ဘယ်သူ့အတွက်မှ အသုံးမဝင်တော့ပါဘူး။ ထုတ်ဝေသူအတွက်သာ ဒီဇိုင်းဖိုး၊ စက္ကူဖိုး၊ ဖလင်ဖိုးနဲ့ ပုံနှိပ်ခတွေ အလဟဿ ကုန်သွားရတာ ဖြစ်တယ်။

အယ်ဒီတာများရဲ့ တာဝန်တွေထဲမှာ စာကောင်းပေမွန်တွေ ရွေးချယ်

mgyoe.com

mgyoe.com SAMPLE BOOK

တင်ဆက်ပေးဖို့အပြင် စာဖတ်သူအတွက် အဆင်ပြေအောင်လည်း လုပ်ဆောင်ပေးရပါတယ်။ အဲဒါကြောင့် ဖတ်ရတာ ကသိကအောက်ဖြစ်တဲ့ စာမျက်နှာနံပါတ် တပ်တာ၊ စာညွှန်း ထပ်ညွှန်းတွေ များနေတာတွေကို ပြုပြင်ပေးကြပါလို့ မေတ္တာရပ်ခံလိုက်ပါတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## မျှော်လင့်ချက်မဲ့ အခြေအနေဆိုတာ မရှိဘူး

နေပူလွန်းတဲ့ တစ်နေ့ခင်းမှာ ညှေ့သည် ရှင်းနေခိုက် ကြမ်းပေါ် သင်ဖြူးလေးခင်းပြီး အညောင်းဖြေနေမိပါတယ်။ အဲဒီအချိန်မှာ မိန်းကလေး နှစ်ယောက် ဝင်လာပြီး အနားမှာ ထိုင်ချလိုက်ကြပါတယ်။ ကျောင်းသူ ဟောင်း တပည့်ရင်းတွေဖြစ်တာကြောင့် ကြမ်းပေါ်မှာထိုင်ရင်း စကားပြော ဖြစ်ကြပါတယ်။

သူတို့ နှစ်ယောက်စလုံးက ငါးနှစ်၊ ခြောက်နှစ်လောက် ကြာအောင် ကျောင်းတက်ခဲ့ကြတာမို့ ရင်းချာတဲ့သူတွေ ဖြစ်ကြပါတယ်။ ကျောင်းမဖွင့် နိုင်၊ စာမသင်နိုင်တော့ပေမဲ့ သူတို့လို ရင်းချာတဲ့ တပည့်ဟောင်းတွေက အဝင်အထွက် မပြတ်ကြပါဘူး။ နေထိုင်ကောင်းရဲ့လား လာကြည့်ကြ၊ သူတို့ အပူကပ်စရာရှိရင် လာအပူကပ်ကြနဲ့ တစ်လ တစ်ခေါက်တန်သည်၊ နှစ်ခေါက်တန်သည်တော့ ရောက်တတ်ကြပါတယ်။

'ဘယ်က ဘယ်လိုဆုံပြီး အတူလာကြတာလဲ'

'ကျွန်မက အားနေတာနဲ့ သူ့ကုမ္ပဏီ ဝင်ခေါ်ပြီး အတူလာကြတာပါ'

ဖြေလိုက်တဲ့သူက အင်္ဂလိပ်၊ ဂျာမန် ညှေ့လမ်းညွှန်လုပ်နေသူ ဖြစ် ပြီး ကျန်တစ်ယောက်က ပန်းဆိုးတန်းရှိ ကုမ္ပဏီတစ်ခုမှာ စာရင်းကိုင်

mgyoe.com

mgyoe.com SAMPLE BOOK

လုပ်နေသူ ဖြစ်ပါတယ်။

'အပြင်မှာ ပူလိုက်တာ ဆရာရယ်။ ဒီရောက်တော့မှပဲ ရင်ထဲမှာ အေးသွားတော့တယ်'

စာရင်းကိုင်မလေးက ကြမ်းပြင်မှာ ဖျာခင်းပြီး မြန်မာပီပီ 'ခြေဆင်းလဲလူ' ထိုင်ရတာကို သဘောကျပုံနဲ့ ပြောလိုက်တာပါ။ လက်ကလည်း အရိုးရှည်ရှည် နှီးယပ်တောင်ကို တဖျပ်ဖျပ်နဲ့ ခတ်နေပါတယ်။

'ဒီယပ်တောင်က ရိုးတံရှည်ဆိုတော့ ခြင်မောင်းလို့ ကောင်းတယ်နော်။ ဆရာ ဘယ်ကရသလဲ'

သူက ယပ်တောင်ကိုလည်း သဘောကျနေပါတယ်။ အဲဒါကြောင့် မနှစ်ကွေက မေမြို့(ပြင်ဦးလွင်)မှာ နေရင်း ဇနီးနဲ့ မွေးရပ် သီပေါမြို့ကို သွားလည်ပြီး သီပေါဈေးထဲက ယပ်တောင်တွေ အချောင်း ၂၀ လောက် ဝယ်လာခဲ့တာကို ရှင်းပြလိုက်ရပါတယ်။ အဲဒီလို ရောက်တတ်ရာရာတွေ ပြောကြရင်းက ဧည့်လမ်းညွှန် တပည့်မက ...

'ဆရာ ... သမီးကို အလုပ်ရှာပေးဦး။ ဒီအလုပ် မလုပ်ချင်တော့ဘူး' လို့ ကောက်ကာငင်ကာ ပြောလိုက်ပါတယ်။ သေသေချာချာ မေးကြည့်တော့ အလုပ်အကိုင် အခြေအနေမကောင်းတော့ ကုမ္ပဏီကပေးတဲ့ လစာလေးတစ်ခုတည်းနဲ့ နေရတာ ဟန်မကျဘူးလို့ ရှင်းပြပါတယ်။ တပည့်မလေးက ဒီအလုပ်ကို တကယ်ဝါသနာပါလို့ လုပ်တာပါ။ သူ ဘွဲ့ရပြီးစမှာ ဧည့်လမ်းညွှန်သင်တန်း စဖွင့်တာကြောင့် အစောဆုံး သင်တန်းတက်ခဲ့သူ ဖြစ်ပါတယ်။ အလုပ်ဝင်စကလည်း အင်မတန် တက်ကြွပါတယ်။ အင်္ဂလိပ်လို ရေးထားတဲ့ သမိုင်းစာအုပ်တွေ၊ ဗုဒ္ဓဘာသာအကြောင်း စာအုပ်တွေ၊ ၃၇ မင်း နတ်အကြောင်း စာအုပ်တွေ ငှားငှားပြီး ဖတ်ရှုမှတ်သားပါတယ်။ နားမလည်တာတွေကိုလည်း လာလာမေးပါတယ်။ ခရီးထွက်ရာက ပြန်ရောက်တိုင်းလည်း ဒေသထွက် လက်ဆောင်လေးတွေ လာလာပို့လေ့ရှိပါတယ်။ ဧည့်သည်တွေဆီက ရတတ်တဲ့ စာအုပ်တွေ၊ ဘာတွေလည်း ယူလာပေးတတ်ပါတယ်။

ဆယ့်လေးငါးနှစ်လောက် လုပ်နေပြီးမှ မလုပ်ချင်တော့ဘူးဆိုတော့ အခက်သား။ အသက်ကလည်း ၃၅၊ ၃၆ နှစ်လောက်တော့ ရှိနေပြီ။ ကုမ္ပဏီတွေက ကြိုက်တတ်တဲ့အရွယ် မဟုတ်လောက်တော့ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

'အလုပ်မထွက်ဖို့ ကျွန်မလည်း ပြောနေတာ ဆရာရဲ့။ သူက 'အာ' တတ်တာပဲ ရှိတာ။ သူများတွေလို ကွန်ပျူတာတွေ၊ စာရင်းကိုင်တွေလည်း ဘာမှ တတ်တာမဟုတ်ဘဲနဲ့ အလုပ်ရှာဖို့ လွယ်တာမဟုတ်ဘူး'

ဟုတ်တော့လည်း ဟုတ်တယ်။ သူက အင်္ဂလိပ်စကားနဲ့ ဂျာမန် စကား ပြောတတ်တာက လွဲပြီး တခြား ဘာမှ လေ့လာဆည်းပူးထားတာ မဟုတ်လေတော့ ဘာအလုပ်မျိုး ဝင်လုပ်ရမှာလဲ။ အဲဒါကြောင့် သူ့ကို လက်ရှိအလုပ်မှာပဲ အသာမှေးပြီးနေဖို့ ပြောလိုက်ပါတယ်။

'မင်းခေါင်းထဲမှာ မြဲမြဲမှတ်ထား။ မျှော်လင့်ချက်မရှိတဲ့ အခြေအနေ ဆိုတာ မရှိဘူး။ မျှော်လင့်ချက်မရှိတဲ့လူ ဆိုတာပဲ ရှိတယ်။ အခြေအနေကို လူက ပြောင်းလဲပစ်လို့ရတယ်။ အချိန်ကာလကလည်း ပြောင်းလဲပစ်နိုင် တယ်။ လုပ်ရမယ့် လူကိုယ်တိုင်က လုပ်ချင်တဲ့စိတ်ကို မရှိတော့ဘူး၊ ကံ စီမံသမျှ ခေါင်းငုံ့ခံတော့မယ်ဆိုတဲ့ စိတ်ဓာတ်မျိုး ဝင်နေပြီဆိုရင်တော့ ဘာမှဖြစ်လာမှာ မဟုတ်တော့ဘူး။ မင်းက hopeless person ဖြစ်နေပြီလား'

'မဖြစ်ပါဘူး၊ မဖြစ်ပါဘူး ဆရာ။ ဆရာ့တပည့်ပဲ။ ဘယ်တော့မှ မဖြစ်ပါဘူး။ စိတ်ချပါ'

သူ ပျာပျာသလဲနဲ့ ငြင်းချက်ထုတ်ပါတယ်။ သူ ကျောင်းတက်နေစဉ် က 'ငါ့ဦးခေါင်းသည် သွေးချင်းချင်း နီရဲပါစေ၊ ငါကား ဦးမညွတ်'ဆိုတဲ့ ကဗျာကို အမြဲမပြတ် သင်ပေးနေတဲ့ ဆရာ့ရှေ့မှာ သူဟာ hopeless person ဖြစ်သွားမှာတော့ တော်တော်ကြောက်သွားပုံ ရပါတယ်။

'မင်းမှာ ပညာတတ်တယ်၊ ကျန်းမာတယ်၊ ကိုယ့်လုပ်ငန်းကို လည်း ပိုင်ပိုင်နိုင်နိုင် လုပ်နိုင်တယ်။ ဘာကြောက်စရာ ရှိသလဲ။ ကုမ္ပဏီမှာ လခစား လုပ်ရမှပဲလား။ မင်းကိုယ်တိုင် ခရီးသွားလုပ်ငန်းကြီးတစ်ခု ဦးမစီးနိုင်ဘူးလား။ နိုင်ငံခြားမှာ မင်းမိတ်ဆွေတွေ အများကြီး ရှိနေတယ် မဟုတ်လား။ အခုတောင်မှ တချို့ဧည့်သည်တွေက မင်းနာမည်မေးပြီး ရောက်လာကြတာ မဟုတ်ဘူးလား'

မေးမေးပြောပြောနဲ့ သူ့ကို အားတင်းပေးလိုက်ပါတယ်။ ကိုယ်ပိုင် လုပ်ငန်း လုပ်နိုင်တဲ့အရည်အချင်း သူ့မှာ ပြည့်စုံနေပြီလို့လည်း တကယ် ယုံကြည်ပါတယ်။ မိဘ ကျောထောက်နောက်ခံလည်း တောင့်တင်းပါ တယ်။ သူကသာ တကယ်လုပ်ရင် တစ်ဦးတည်းရှိတဲ့ သမီးလေးကို မိဘ

mgyoe.com

mgyoe.com SAMPLE BOOK

က ထောက်ခံအားပေးမှာ သေချာပါတယ်။

မြန်မာလူငယ်လေးတွေမှာ လိုအပ်နေတာက ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှု အားနည်းတာပဲ ဖြစ်တယ်။ ကိုယ့်လမ်း ကိုယ်ဖောက်ပြီး လျှောက်မယ့်အစား သူများ ဖောက်ပေးတဲ့ လမ်းပေါ်မှာပဲ အေးအေးဆေးဆေး လျှောက်နေရရင် ကျေနပ်နေကြပြီ။ အခုတပည့်မလေး ကြည့်။ သူ့မှာ ပညာအရည်အချင်း ရှိတယ်။ မိဘကလည်း ပြည့်စုံတယ်။ သူက တစ်ဦးတည်းသောသမီး။ သူ့ဘာသာ ကုမ္ပဏီထောင်ပြီး လုပ်နိုင်တယ်။ ဒါပေမဲ့ ၁၅ နှစ်လောက် သူများကုမ္ပဏီမှာပဲ လခစားလုပ်ပြီး ရပ်နေတယ်။ လေးငါးနှစ် အတွေ့အကြုံယူပြီးတာနဲ့ ကိုယ်ပိုင်ထွက်လုပ်ရင် ခေတ်ကောင်းကို ကောင်းကောင်း မိခဲ့တာပဲ။ အခုလောက်ဆို ထိပ်တန်း ကုမ္ပဏီကြီး ဖြစ်နေလောက်ပြီ။

'တကယ်တော့ အလုပ်ပါးသွားတာဟာ မကောင်းဘူး။ ဒါပေမဲ့ အဲဒီ မကောင်းတာကိုပဲ ကောင်းတဲ့အချက်ဖြစ်အောင် ပြောင်းပစ်နိုင်တယ်။ အလုပ်အကိုင် မကောင်းတာကို ထိုင်ပြီး ညည်းတွားနေလို့ ဘယ်တော့မှ ကောင်းလာမှာ မဟုတ်ဘူး။ တခြားအလုပ် ပြောင်းလည်း ပိုကောင်းလာမယ်လို့ ဘယ်လိုပြောနိုင်မှာလဲ။ ဒီတော့ အလုပ်ကထွက်ပြီး ကိုယ်ပိုင်လုပ်ငန်း ထူထောင်လိုက်တာ မကောင်းဘူးလား'

တပည့်မဟာ တွေပြီး စဉ်းစားနေပါတယ်။ သူငယ်ချင်းဖြစ်သူက လည်း ဆရာပြောတာ ဟုတ်သားပဲလို့ ထောက်ခံ တိုက်တွန်းပါတယ်။

'ဒီလောက် နှစ်တွေအတွင်းမှာ ကျွန်မကိုယ်တိုင် ဘော့စ်လုပ်ဖို့ တစ်ခါမှ မစဉ်းစားခဲ့မိဘူး။ ဆရာပြောတော့လည်း ဟုတ်နေတာပဲ။ ကျွန်မ အိမ်ကျမှ မိဘတွေနဲ့ တိုင်ပင်ပါဦးမယ်'

ဘာပဲဖြစ်ဖြစ် လာစဉ်က စိတ်ပျက်ပျက်နဲ့ ရောက်လာသူဟာ ပြန်သွားတော့ စဉ်းစားစရာတွေ ပါသွားတာကြောင့် စိတ်ရှုပ်၊ စိတ်ညစ်တာတွေ တော့ မေ့ပျောက်သွားတာ သေချာပါတယ်။ သူ့ကိုယ်သူ ယုံကြည်မှုတွေ ရှိလာပြီဆိုရင်တော့ သူဟာ သူများကုမ္ပဏီက ဝန်ထမ်းမဟုတ်တော့ဘဲ သူ့ကိုယ်ပိုင်ကုမ္ပဏီရဲ့ MD အဖြစ်၊ CEO အဖြစ် တွေ့ရလိမ့်မယ်လို့ မျှော်လင့်နေမိပါတော့တယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# ဖြစ်ကတတ်ဆန်း လုပ်တတ်တဲ့အကျင့်

ဂျာနယ်တိုက်တစ်တိုက်မှာ အယ်ဒီတာလုပ်နေတဲ့ လူငယ်တစ်ယောက်က ဇူလိုင် ပထမပတ်ထုတ် တိုင်းမ်မဂ္ဂဇင်းတစ်အုပ် ဆရာ့စာအုပ်ပုံတွေထဲမှာ ရှာပါရစေလို့ ပြောလာပါတယ်။ သူတို့ဂျာနယ်မှာ ထည့်မယ့် ဆောင်းပါးတစ်ပုဒ်နဲ့ ပတ်သက်နေတဲ့ ပုံတစ်ပုံလိုချင်လို့ပါလို့လည်း ရှင်းပြပါတယ်။

နည်းနည်းလေး လှူပ်လိုက်တာနဲ့ ဟောဟဲလိုက်အောင် မောလှေ့ရှိပေမဲ့ ကိုယ့်သညာနဲ့ကိုယ် မှတ်သားထားတဲ့ စာအုပ်ပုံတွေ နေရာယွင်းသွားမှာ စိုးတာကြောင့် ကိုယ်တိုင်ပဲ အမောခံပြီး သူတို့လိုချင်တဲ့ စာအုပ်ကို ခက်ခက်ခဲခဲ ရှာပေးလိုက်ပါတယ်။ ရှာပေးပြီးတော့မှ တိုက်မှာ မရှိဘူးလားလို့ မေးလိုက်တော့ မချိပြုံး ပြုံးပြပြီး 'ကျွန်တော်တို့ မဝယ်ဘူးခင်ဗျ'လို့ ပြန်ဖြေပါတယ်။

'သတင်းစာတွေ၊ မဂ္ဂဇင်းတွေ မဝယ်ဘူးလား။ တိုက်ပိုင်စာကြည့်တိုက်ရော မရှိဘူးလား'လို့ တစ်ဆက်တည်း မေးလိုက်တော့လည်း စောစောကလိုပဲ မချိပြုံးလေးပဲ ပြုံးပြပါတယ်။ ဒီလောက်ဆိုရင် သဘောပေါက်လိုက်ပါပြီ။ ဆက်မမေးတော့ပါဘူး။ သူတို့ဂျာနယ်တိုက်ကလည်း ဟိုလူပြော၊ ဒီလူပြော ကြားဖူးနေတဲ့ လက်ဖက်ရည်ဆိုင် ဂျာနယ်တိုက်မျိုးပဲ

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်လိမ့်မယ်လို့ ကောက်ချက်ချလိုက်ပါတော့တယ်။

တချို့ မဂ္ဂဇင်းတိုက်၊ ဂျာနယ်တိုက် ဆိုတာများဟာ အလုပ်တိုက်ရယ်လို့ သတ်သတ်မှတ်မှတ် ရှိတာမဟုတ်ဘဲ လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး စာမူအပေးအယူလုပ်၊ စာမူခ အပေးအယူ လုပ်လုပ်နေကြတာလို့ ပြောကြတာများ ကြားရဖူးပါတယ်။ ခုတော့ တကယ်လက်တွေ့ကို တွေ့ဖူးတာတောင် သုံးလေးတိုက် ရှိပါပြီ။ ဘယ်လိုလုပ်ပြီး ဂျာနယ်၊ မဂ္ဂဇင်းအလုပ် လုပ်နေကြတာပါလိမ့်လို့ တွေးပြီး နားမလည်နိုင်အောင် ဖြစ်ရပါတယ်။

ဂျာနယ်တိုက်ဖြစ်ဖြစ်၊ မဂ္ဂဇင်းတိုက်ဖြစ်ဖြစ် အလုပ်တစ်ခု လုပ်တယ်ဆိုရင် စာရင်းစာအုပ်တို့၊ မှတ်တမ်းစာအုပ်တို့ ရှိရမှာမဟုတ်လား။ အဲဒါတွေက အခါမရွေး ပြန်လှန်ကြည့်ရှုနေရမှာတွေ မဟုတ်လား။ အဲဒါတွေကို ဘယ်လိုထားကြသလဲ။ စာရင်းစာအုပ်တွေ၊ မှတ်တမ်းစာအုပ်တွေကို လုံးဝ မထားကြတာလား။ ဂျာနယ်၊ မဂ္ဂဇင်းလုပ်ငန်းဆိုရင် စာမူဟောင်း၊ စာမူသစ်တွေ ထိန်းသိမ်းထားရပါတယ်။ လိုအပ်တဲ့အချိန်မှာ ပြန်ပြီး ကိုးကားရတာ၊ တိုက်ဆိုင်စစ်ဆေးရတာမျိုးတွေ ရှိမြဲဖြစ်တယ်။ စာစောင်မှာ ပါသွားတဲ့ စာတစ်ပုဒ်ကြောင့် အငြင်းပွားဖွယ်ကိစ္စမျိုး၊ ဒါမှမဟုတ် ရုံးပြင်ကနားကိစ္စမျိုး ပေါ်ပေါက်လာတတ်ပါတယ်။ အဲဒီအခါ ကိုယ့်ဘက်က အထောက်အထားအဖြစ် မူရင်းစာမူ လိုအပ်ပါတယ်။ ခုလို ထိန်းသိမ်းထားတာ မရှိဘူးဆိုရင် အရေးကြုံလာရင် ဘယ်လို ရင်ဆိုင်ဖြေရှင်းကြမလဲ။

ဒီခေတ်မှာ ပြီးစလွယ် ဖြစ်ကတတ်ဆန်း လုပ်နေကြတာမျိုး နေရာတကာမှာ မြင်တွေ့နေရပါတယ်။ ကုမ္ပဏီထောင်ပြီး စီးပွားရေးလုပ်နေတာတောင်မှ စာရင်းကိုင်တို့၊ စာရင်းစစ်တို့ မရှိဘဲ ဖြစ်သလို လုပ်နေကြတာတွေလည်း အများကြီးပါပဲ။ ဒီခေတ်လောက် နိုင်ငံတကာ အဆင့်မီတို့၊ ဂလိုဘယ်လိုက်ဇေးရှင်းတို့ ကျယ်ကျယ်လောင်လောင် ပြောတဲ့ခေတ် မရှိပါဘူး။ ဒီခေတ်လိုလည်း လွယ်အိတ်တစ်လုံးနဲ့ လက်ဖက်ရည်ဆိုင်ထိုင်ပြီး ဂျာနယ်၊ မဂ္ဂဇင်း ထုတ်တဲ့ခေတ်၊ ကုမ္ပဏီလုပ်ငန်း လုပ်တဲ့ခေတ် မကြုံဖူးပါဘူး။ ဖြစ်ကတတ်ဆန်း တယ်လုပ်ကြတာကိုး။

လုပ်တဲ့သူက ဖြစ်ကတတ်ဆန်းလုပ်ရင် ဖြစ်ကတတ်ဆန်း လုပ်ငန်းမျိုးပဲ ဖြစ်နေကြတာ မြင်တွေ့နေကြရတော့တာပဲ။ ဘယ်မှာ ကြာကြာခံလို့လဲ။ တော်တော်ကြာတော့ မြင်ကွင်းက ပျောက်သွားကြတာပါပဲ။ ဂျာနယ်၊

mgyoe.com

mgyoe.com SAMPLE BOOK

မဂ္ဂဇင်းတွေ ဒလဟော ပေါ်ထွက်လာတဲ့ ဒီနှစ်နှစ်လောက် ကာလအတွင်း မှာပဲ လေးငါးပတ်လောက်ထွက်ပြီး ပျောက်သွားတဲ့ ဂျာနယ်၊ မဂ္ဂဇင်းပေါင်း များလှပါပကော။ ပျောက်သွားတာတွေကို ကြည့်လိုက်တဲ့အခါ 'နည်းနည်း နဲ့ ကျဲကျဲဝိုင်းရတာပဲ'ဆိုပြီး လူနှစ်ယောက်လောက်နဲ့ ဖြစ်ကတတ်ဆန်း လုပ်ကိုင်ကြတာမျိုးတွေချည်းဖြစ်တာ တွေ့ရပါတယ်။

အလုပ်တစ်ခု လုပ်တယ်ဆိုရင် ဘာလုပ်ငန်းပဲလုပ်လုပ် စနစ်တကျနဲ့ လုပ်တဲ့အကျင့် ပျိုးထောင်ပေးဖို့ လိုပါတယ်။ ကုမ္ပဏီလုပ်ငန်း လုပ်ရင် လည်း အစစ်အမှန် ဒါရိုက်တာအဖွဲ့နဲ့၊ အစစ်အမှန် စာရင်းကိုင်၊ စာရင်းစစ် နဲ့လုပ်ဖို့ လိုအပ်ပါတယ်။ ဘောင်ဝင်အောင် မိန်းမနဲ့ သားသမီးတွေနာမည် ကို ဒါရိုက်တာအဖွဲ့ စာရင်းထဲထည့်ပြီး လက်တွေ့ကျတော့ လွယ်အိတ် တစ်လုံးနဲ့ ကုမ္ပဏီ ဖြစ်နေတာမျိုးတွေ အများကြီးပါပဲ။

ဂျာနယ်၊ မဂ္ဂဇင်းလုပ်ရင်လည်း အစစ်အမှန် အယ်ဒီတာအဖွဲ့နဲ့ စာရင်းကိုင်၊ ငွေကိုင်တို့ ထားပြီး လုပ်သင့်ပါတယ်။ လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး ရသမျှစာမူ လွယ်အိတ်ထဲထည့်၊ လွယ်အိတ်ထဲက ပိုက်ဆံနှိုက်ပြီး စာမူခပေး၊ ကွန်ပျူတာသမားနဲ့ တွေ့တော့ လွယ်အိတ်ထဲက စာမူတွေ ထုတ်ပြီး ပေးလိုက်ဆိုတာမျိုး မလုပ်သင့်ပါဘူး။ ဂလိုဘယ်လိုက်ဇေးရှင်း တွေ၊ နိုင်ငံတကာအဆင့်မီဆိုတဲ့ စကားတွေ အကျယ်ဆုံးပြောလေ့ရှိတဲ့ ဒီနေ့ စာနယ်ဇင်း သမားတွေနဲ့ စာနယ်ဇင်းတွေဟာ တကယ်တော့ ဟိုးရှေး လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ ကျော် စစ်ကြီးမဖြစ်မီက မြန်မာ့အလင်းသတင်းစာ ကြီးတို့၊ သူရိယ သတင်းစာကြီးတို့ကို လုပ်ကိုင်ခဲ့ကြတဲ့ လူကြီးတွေလောက် တောင် အမြင်မကျယ်၊ ခေတ်မမီဘူးလို့ ပြောလိုက်ချင်ပါတယ်။

စိတ်တော့ မရှိကြစေချင်ဘူး။ အမှန်တကယ် ပြောရမယ်ဆိုရင်တော့ ရှေးက မြန်မာ့အလင်း၊ သူရိယတို့လောက် တိုင်းပြည်အပေါ်မှာ ဩဇာ ညောင်းတဲ့ ပြည်သူလူထုတွေသာမက ကိုလိုနီအစိုးရပါ လေးစားရတဲ့ စာနယ်ဇင်းမျိုး ဒီဘက်ခေတ်မှာ တစ်ခုမှ မရှိတော့ဘူးလို့တောင် ပြောချင် တယ်။ ဘာကြောင့် ဒီလိုဩဇာရှိရတာလဲဆိုတော့ ရှေးလူကြီးတွေက ဖြစ် ကတတ်ဆန်း လုပ်တတ်သူတွေ မဟုတ်ကြလို့ပါဘဲလို့ ကောက်ချက်ချမိ ပါတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## ရှိုးသားမှုက အရေးအကြီးဆုံး

'ဒီနေ့ လူငယ်ဂျာနယ်လစ်တွေအတွက် အရေးအကြီးဆုံး လိုအပ်ချက်က ဘာလဲ'

ဂျာနယ်တွေမှာ ဝင်ရောက်လုပ်ကိုင်နေတဲ့ လူငယ်လေးတွေ အမြဲတမ်း မေးတတ်တဲ့မေးခွန်း ဖြစ်ပါတယ်။

'ရိုးသားမှုနဲ့ စေတနာ'

ဘယ်သူ လာမေးမေး ဒီနှစ်ခုကိုသာ အရေးအကြီးဆုံးအဖြစ် ပြောပြလေ့ ရှိပါတယ်။ အဲဒီအခါမှာ လူငယ်တွေက ခုလို အင်တာနက်ခေတ်၊ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှာ အိုင်တီပညာရပ်တွေနဲ့ ဂျာနယ်လစ်ဇင်မာစတာဘွဲ့တွေ အရေးပိုမကြီးဘူးလားလို့ မေးတတ်ကြပါတယ်။ ဒီခေတ်က ဘာသင်တန်း၊ ညာသင်တန်း ဆိုတာတွေ ခေတ်စားနေတာကိုး။

### တီးမိခေါက်မိဖို့ လိုတယ်

တိုးတက်နေတဲ့ ခေတ်ကြီးနဲ့ ရင်ပေါင်တန်းလိုက်နိုင်ဖို့ စာနယ်ဇင်းသမားတို့အဖို့ အရေးကြီးပါတယ်။ ကွန်ပျူတာ၊ အင်တာနက်တွေအကြောင်း သိထားဖို့ လိုသလို ဈျုကလီးယားစွမ်းအင်အကြောင်းလည်း သိထားဖို့

mgyoe.com

mgyoe.com SAMPLE BOOK

လိုတယ်။ နိုင်ငံရေးသိပ္ပံနဲ့ မဟာဗျူဟာလေ့လာရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ လူ့အခွင့်အရေး၊ အာကာသသိပ္ပံနဲ့ နက္ခတ္တဗေဒ၊ ကလုံး နည်းပညာနဲ့ မျိုးရိုးဗီဇပညာရပ်၊ GM food နဲ့ organic food စတဲ့ စတဲ့ ပညာရပ်အားလုံးကိုလည်း တီးမိခေါက်မိဖို့ လိုပါတယ်။ ဒါကြောင့် ရှေးဆရာအစဉ်အဆက်က something of everything 'နည်းနည်းစီတော့ အကုန်သိထားရမယ်'လို့ ပြောခဲ့ကြတာပေါ့။

## ပိုအရေးကြီးတဲ့အရာ

အဲဒါတွေ အားလုံးထက် ပိုအရေးအကြီးဆုံးကတော့ 'ရိုးသားမှုနဲ့ စေတနာ' ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ပညာတွေ ဘယ်လောက်ပဲ ထူးချွန်ထူးချွန် ရိုးသားဖြူစင်မှုနဲ့ အများအပေါ် စေတနာမရှိရင် ဘယ်တော့မှ 'လူ့အဖိုးတန်' ဖြစ်မလာနိုင်တာကြောင့် ဖြစ်တယ်။ လူ့လောကအတွက် တန်ဖိုးရှိတဲ့သူဆိုတာ ပညာတွေ သိပ်တတ်တာကို မဆိုလိုဘူး။ ပိုက်ဆံတွေ သိပ်ချမ်းသာတာကိုလည်း မဆိုလိုဘူး။ ရာထူးအာဏာတွေ သိပ်ကြီးမားတာကိုလည်း မဆိုလိုဘူး။ လောကကြီးအတွက်၊ လူသားတွေအတွက် ကိုယ့်မှာ ရှိသမျှ အင်အားလေးနဲ့ အစွမ်းကုန် အကျိုးပြုတဲ့သူမျိုးကိုသာ တန်ဖိုးရှိတဲ့ 'လူ့အဖိုးတန်'လို့ သတ်မှတ်တာဖြစ်တယ်။

## သစ်ပင်စိုက်တဲ့ ဒါနရှင်

လောကကြီးနဲ့ လူသားတွေအတွက် အကျိုးပြုသူ ဆိုရာမှာလည်း ဘီလ်ဂိတ်လို ဘီလျံပေါင်းများစွာ လှူမှတန်းမှ အကျိုးပြုရာရောက်တာ မဟုတ်ပါဘူး။ ကိုယ့်မှာရှိတဲ့ အင်အားလေးနဲ့ တတ်စွမ်းသမျှလေး လုပ်ရင်ပဲ ဖြစ်ပါတယ်။ စေတနာသာ ပဓာနပါ။ မန္တလေးက သစ်ပင်စိုက် ဒါနပြုသူ ဆိုက်ကားသမားကြီး ဦးငွေကို နမူနာပြချင်ပါတယ်။ ဒုတိယကမ္ဘာစစ်မီးကြီးလောင်တာကြောင့် မန္တလေးမြို့မှာ ရှေးအထက်ကျော်ကာရီကတည်းကရှိခဲ့တဲ့ ရောမ မန်ကျည်းပင်ကြီးတွေ၊ ကုက္ကိုပင်ကြီးတွေလည်း စစ်ဒဏ်သင့်တဲ့ထဲ ပါသွားပါတယ်။ ဒီတော့ ပူလို့မှ အရိပ်ခိုစရာမရှိအောင် ဖြစ်ခဲ့ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

**သစ်ပင်ပေါင်း ၅၀၀ ကျော်**

အဲဒီအချိန်မှာ သားသမီး ၇ ယောက်နဲ့ ဆိုက်ကားနင်းစားရတဲ့ ဦးငွေက ဆိုက်ကားနင်းရင်း ရောက်တဲ့နေရာအနှံ့မှာ သစ်ပင်တွေ လိုက်စိုက်ပါတယ်။ သူ့ဆိုက်ကားပေါ်မှာ ရေပုံးတစ်လုံးနဲ့ ပျိုးပင်တွေ တင်ယူသွားပြီး မြို့လုံးပတ်လည် စိုက်တာပါ။ ညောင်၊ ကုက္ကို၊ စိန်ပန်း၊ မန်ကျည်း စတဲ့ အရိပ်ရပင်တွေ စိုက်တာပါ။ စိုက်တယ်ဆိုရုံ စိုက်သွားတာ မဟုတ်ပါဘူး။ သူ စိုက်ခဲ့တဲ့ အပင်လေးတွေ မရှင် ရှင်အောင် ဆိုက်ကားပေါ် အမြဲပါတဲ့ ရေပုံးနဲ့ ဂရုတစိုက် ရေလောင်းပေါင်းသင် အမြဲလုပ်ပေးတာပါ။ သူ မကွယ်လွန်မီမှာ သစ်ပင်ပေါင်း ၅၀၀ ကျော် စိုက်ပေးသွားနိုင်ခဲ့ပါတယ်။ ၁၉၅၂ ခုနှစ်လောက်က သူ စပြီး စိုက်ခဲ့တာတွေဆိုတော့ ခုတ်လှဲပစ်တဲ့ထဲ ပါမသွားလို့ ကျန်ရှိနေရင် ဧရာမသစ်ပင်ကြီးတွေ ဖြစ်နေပြီပေါ့။

ဦးငွေကို ဒီလိုလုပ်ဖို့ ဘယ်သူကမှ တိုက်တွန်းနှိုးဆော်ခဲ့တာ မဟုတ်ပါဘူး။ သူ့အသိ၊ သူ့စေတနာလေးနဲ့ သူ တတ်နိုင်တာ လုပ်ခဲ့ရှာတာပါ။ တစ်နေ့တစ်ရက် လုပ်ခဲ့တာ မဟုတ်ပါဘူး။ မသေမချင်း ဇောက်ချလုပ်သွားတာပါ။ ၁၉၅၀ ပြည့်နှစ်ဝန်းကျင်ဆိုတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့၊ အိုဇုန်းလွှာ ပါးလျားမှုတို့ ဘယ်သူ သိဦးမှာလဲ။ ဒီလိုစေတနာနဲ့ ဒီလိုလူမျိုးကို 'လူ့အဖိုးတန်'လို့ ခေါ်တာပါ။

**ဘောလုံးစစ်ပွဲ**

စာနယ်ဇင်းဆိုတာ နိုင်ငံတစ်နိုင်ငံအတွက် အင်မတန် အရေးကြီးတဲ့ လုပ်ငန်းတစ်ခု ဖြစ်တယ်။ ဒါကြောင့် ရှေးလူကြီးများက သတင်းစာအလုပ်ဆိုတာ တိုင်းပြုပြည်ပြု၊ သာသနာပြုလုပ်ငန်း (missionary work) လို့ ဆိုခဲ့ကြတာ ဖြစ်တယ်။ ရိုးသားမှုနဲ့ စေတနာမှန်သူ ဘယ်သူမဆို သတင်းစာဆရာ၊ သတင်းထောက် ဖြစ်နိုင်တယ်။ တိုင်းပြည်အတွက် အလွန်အရေးပါတဲ့ လုပ်ငန်းဖြစ်လို့ မရိုးသားသူ၊ စေတနာမမှန်သူတွေ ဝင်ရောက်လာရင် အင်မတန် အန္တရာယ်ကြီးမားပါတယ်။ မရိုးသားသူ၊ စေတနာမမှန်သူတွေကြောင့် ၁၉၆၀ ပြည့်နှစ် နှစ်ဦးပိုင်းကာလမှာ တောင်အမေရိကတိုက်ထဲက ဟွန်ဒူးရပ်နဲ့ အယ်လ်ဆာဗေးဒိုးနိုင်ငံတို့ ဘောလုံးပွဲကနေပြီး စစ်ပွဲကြီးဖြစ်ခဲ့တဲ့ သာဓက ရှိခဲ့ဖူးပါတယ်။ ဟိုဘက်ဒီဘက်

mgyoe.com

mgyoe.com SAMPLE BOOK

သတင်းစာတွေက ကျဉ်းမြောင်းတဲ့ အမျိုးသားရေး စိတ်ဓာတ်နဲ့ သွေးထိုးလှုံ့ဆော်ပေးခဲ့ကြတာကိုး။

**သတင်းစာဆရာနဲ့ စာရေးဆရာ မတူ**

စာနယ်ဇင်းသမားဆိုတာ ဝတ္ထုရေးဆရာ၊ ကဗျာဆရာတို့နဲ့ မတူပါဘူး။ ဝတ္ထုရေးတာ၊ ကဗျာရေးတာက သင်ပေးလို့ရတာမျိုး မဟုတ်ဘူး။ စာရေးဆရာတို့ရဲ့ နှလုံးသားထဲက အလိုလို ပေါက်ဖွားလာတာ ဖြစ်တယ်။ စာနယ်ဇင်းသမားက နှလုံးသားနဲ့ အလုပ်လုပ်ရတာ မဟုတ်ဘူး။ ဦးနှောက်နဲ့ အလုပ်လုပ်ရတာ။ ဦးနှောက်အလုပ်ဆိုတာ သင်ယူလို့ရတယ်။ ဘာမှ ခက်ခဲလှတာ မဟုတ်ပါဘူး။ ရှေးက နာမည်ကျော် သတင်းစာဆရာကြီးတွေ ဖြစ်ခဲ့ကြတဲ့ ဒင်နီယယ်ဒီဖိုးတို့၊ အားနက်ဟဲမင်းဝေးတို့၊ ဂျက်လန်ဒန်တို့၊ ဂျိုးဇက်ပူလစ်ဇာတို့ဆိုတာ ဘယ်သတင်းစာပညာသင်တန်းမှ တက်ဖူးခဲ့ကြတာ မဟုတ်ပါဘူး။

ဒါကြောင့် သင်တန်းတွေ၊ ပညာတွေထက် ရိုးသားမှုနဲ့ စေတနာက ပိုအရေးကြီးတယ်လို့ ပြောခဲ့တာ ဖြစ်တယ်။ မရိုးသားတဲ့သူ၊ စေတနာယုတ်ညံ့တဲ့သူတွေကြောင့် လူ့လောကကြီးမှာ ဘယ်လိုအန္တရာယ်တွေ လွှမ်းခဲ့သလဲ ဆိုတာ အလွယ်တကူ မြင်တွေ့နိုင်ပါတယ်။ လူငယ်တွေ ရိုးသားကြပါလို့ပဲ နှိုးဆော် တိုက်တွန်းချင်ပါတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## မဖြစ်နိုင်တာ ဘာမှမရှိ

'ဖြစ်တော့ ဖြစ်ချင်တာပေါ့။ ဒါပေမဲ့ ...'

ကျောင်းဆရာလုပ်ပြီး စာသင်နေစဉ်က နေ့တိုင်း ကြားခဲ့ရတဲ့ ကျောင်းသူ၊ ကျောင်းသားတွေရဲ့ စကားသံပါပဲ။ လူငယ်တွေကို ရည်မှန်းချက်ပန်းတိုင်ဆိုတာ ငယ်ငယ်ကတည်းက ချထားရကြောင်း၊ ရည်မှန်းချက်ပန်းတိုင်ရှိမှ လိုရာခရီးကို ရောက်တဲ့အကြောင်း၊ ဒါ့အပြင် လူငယ်ဆိုတာ အမြဲတမ်း အိပ်မက်တွေ မက်နေရတဲ့အကြောင်း စတာတွေ ပြောပြတဲ့အခါတိုင်း သူတို့ဆီက 'ဖြစ်တော့ ဖြစ်ချင်တာပေါ့။ ဒါပေမဲ့ ...' ဆိုတဲ့ စကားကိုပဲ အမြဲတမ်း ပြန်ကြားရလေ့ ရှိပါတယ်။

**အားကျစိတ် မပေါ်လာ**

ကဗျာတွေ၊ သီချင်းတွေ၊ ဝတ္ထုတွေ၊ သတင်းဆောင်းပါးတွေထဲက အနိုင်မခံ အရှုံးမပေးစိတ်နဲ့ အခက်အခဲတွေကို ကျော်ဖြတ်နိုင်သူတွေ အကြောင်း၊ ခြေနှစ်ဖက်စလုံး မရှိတဲ့သူ၊ မျက်စိနှစ်ဖက်စလုံး မရှိတဲ့သူက ဧဝရက်တောင်ထိပ်ကို ရောက်အောင် တက်နိုင်တဲ့အကြောင်း စတာမျိုးတွေ သင်ကြားပေးတဲ့အခါမှာလည်း 'သူတို့တော့ ဖြစ်နိုင်မှာပေါ့။ ကျွန်တော်တို့

mgyoe.com

mgyoe.com SAMPLE BOOK

ကတော့ ...'ဆိုတဲ့ စကားနဲ့ပဲ နိဂုံးချုပ်လိုက်ကြပါတယ်။ အားကျ အတု ယူပြီး ကြိုးစားကြမယ်ဆိုတဲ့စိတ်မျိုး ပေါ်မလာကြပါဘူး။

## သိုးငယ်လေးတွေလို

အရွယ်ကောင်းလေးတွေ၊ ကိုယ်လက်အင်္ဂါ စုံစုံလင်လင်နဲ့ ကျန်း ကျန်းမာမာ လူငယ်လေးတွေ ဖြစ်ကြပါလျက်နဲ့ 'မာန်' မရှိလိုက်တာ၊ အညံ့ခံစိတ် ကြီးမားလိုက်ကြတာလို့ ကရုဏာဒေါသောနဲ့ ပြောလည်း ပြုံးစိစိလေးတွေနဲ့ ငြိမ်နေလိုက်ကြတာပါပဲ။ တစ်ခါတလေများ ကိုယ် အားပြုထားရတဲ့ လေးချောင်းထောက်နဲ့ ခေါင်းကို ခေါက်ပစ်လိုက်ချင် စိတ်များတောင် ပေါ်ပါရဲ့။ ခေါက်လည်း သူတို့က ငြိမ်ခံနေကြမှာ သေချာ တယ်။ စိတ်ဆိုးမယ့်ပုံ မရှိပါဘူး။ ကျားပေါက်ကလေးတွေလို အားကောင်း မောင်းသန် ဖြစ်နေကြပါလျက်နဲ့ သိုးငယ်ကလေးတွေလို ငြိမ်ချက်သား ကောင်းနေကြတာ ဘာကြောင့်များလဲလို့ တစ်ခါတစ်ခါတော့ အတွေး ခေါင်မိတယ်။

ဒီလိုနဲ့ပဲ တစ်နေ့တော့ ကိုယ်ငယ်စဉ် လေးတန်းကျောင်းသားဘဝက သင်ခဲ့ရတဲ့ The Oxford English Course ဆိုတဲ့ Reader Book Four စာအုပ်ကလေးတစ်အုပ် စာအုပ်သေတ္တာတွေထဲက တွေ့တာနဲ့ ထုတ်ယူ ထားလိုက်ပြီး ပြန်ဖတ်ကြည့်မိတယ်။ အဲဒီထဲက ခေတ်လူငယ်တွေကို ပြောပြဖို့ကောင်းတဲ့ စာလေးတစ်ပုဒ်တွေ့တာနဲ့ သင်ပေးဖြစ်တယ်။ စာ ကလေးက Stories of Famous Men ဆိုတဲ့ ခေါင်းစဉ်ပါ အခန်းမှာပါတဲ့ နပိုလီယန် အဲလ်ပ်တောင်တန်းကို ဖြတ်ကျော်တဲ့အကြောင်း ရေးထားတဲ့ စာပိုဒ်တိုလေး ဖြစ်ပါတယ်။

## ဖြစ်နိုင်တယ်ဆိုရင် ရပြီ

ပြင်သစ်နိုင်ငံဟာ ဥရောပတိုက်ထဲရှိ နိုင်ငံအားလုံးလောက်နီးပါးနဲ့ စစ်ဖြစ်ပွားနေတဲ့အချိန်မှာ နပိုလီယန် (၁၇၆၉–၁၈၂၁) ဟာ စစ်တပ်ကြီးကို ဦးဆောင်ပြီး အီတလီကိုတိုက်ဖို့ ထွက်ခဲ့တယ်။ ပြင်သစ်နဲ့ အီတလီကို ခြားထားတဲ့ အဲလ်ပ်တောင်တန်းကြီးကိုရောက်တော့ တပ်ချ ရပ်နားထား လိုက်တယ်။ အဲလ်ပ်တောင်တန်းကြီးဆိုတာက ကမ္ဘာ့အမြင့်ဆုံး တောင်

mgyoe.com

mgyoe.com SAMPLE BOOK

တွေထဲက တစ်ခုဖြစ်ပြီး တောင်ထိပ်မှာ အမြဲတမ်း နှင်းတွေဖုံးနေလေ့ ရှိတယ်။ နပိုလီယန်က သူ့စစ်တပ်က ဗိုလ်အားလုံးကို စုဝေးခိုင်းလိုက်ပြီး လူ ၆၀,၀၀၀ ပါတဲ့ စစ်တပ်ကြီး ဒီတောင်တန်းကို ဖြတ်ကျော်ဖို့ ဖြစ်နိုင်မလားလို့ မေးလိုက်တယ်။ စစ်ဗိုလ်တွေအားလုံး ဘာမှပြန်မဖြေဘဲ နှုတ်ဆိတ်နေကြတယ်။ အတော်ကြာမှ တစ်ယောက်က 'ဖြစ်တော့ ဖြစ်နိုင်ပါတယ် ဗိုလ်ချုပ်ကြီးခင်ဗျား။ ဒါပေမဲ့ ...' သူ့စကား မဆုံးမီမှာပဲ နပိုလီယန်က 'တော်ပြီ။ ဆက်မပြောနဲ့တော့။ ဖြစ်နိုင်တယ်ဆိုရင် ရပြီ'လို့ ဝင်ဟန့်လိုက်တယ်။ ပြီးတော့ တစ်ဆက်တည်း 'အီတလီကို ချီတက်ကြ'လို့ အမိန့်ပေးလိုက်တော့တယ်။

## မဖြစ်နိုင်ဆိုတဲ့စကား နားမလည်ဘူး

လူ ၆၀,၀၀၀ ပါတဲ့ သူ့စစ်တပ်ကြီးဟာ မြင်းတွေ၊ အမြောက်တပ်တွေ၊ ခြေလျင်တပ်တွေနဲ့ အားလုံးပေါင်းလိုက်ရင် မိုင် ၂၀ လောက်ရှည်တဲ့ အတန်းကြီး ဖြစ်နေတော့တယ်။ ဒီစစ်တပ်ကြီးကို နပိုလီယန်ကိုယ်တိုင် ရှေ့က ဦးဆောင်ချီတက်နေတာဆိုတော့ တပ်သားအားလုံးလည်း မတွန့်မဆုတ်နဲ့ နှင်းတွေဖုံးနေတဲ့ တောင်တန်းကြီးကို ခဲရာခဲဆစ် ဖြတ်ကျော်ခဲ့ကြတယ်။ အဲလ်ပ်တောင်တန်းကြီးကို ဘယ်စစ်တပ်မှ ဖြတ်ကျော်ဝင်ရောက်မလာနိုင်ဘူးလို့ စိတ်ချလက်ချဖြစ်နေတဲ့ အီတလီစစ်တပ်ဟာ နပိုလီယန်ရဲ့ ချေမှုန်းခြင်းကို ခံလိုက်ရတော့တယ်။ နှင်းဖုံးနေတဲ့ တောင်တန်းကြီးကို အောင်မြင်စွာ ကျော်ဖြတ်ပြီးတဲ့နောက်မှာ ကမ္ဘာမှာ ဒီနေ့အထိ တွင်ကျန်ရစ်တဲ့ စကားတစ်ခွန်းကို နပိုလီယန်က ဥဒါန်းကျူးရင့်လိုက်တယ်။

'နိုင်ရမယ်လို့ စိတ်ကို ပိုင်းဖြတ်ထားတဲ့သူဟာ မဖြစ်နိုင်ဘူးဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို နားမလည်ဘူး'

နပိုလီယန်ရဲ့ စကားကို သဘောကျလွန်းလို့ နံရံမှာ စာလုံးကြီးနဲ့ကို ရေးပြီး ကပ်ထားခဲ့တယ်။ 'Nothing is impossible under the sun.' 'လောကကြီးမှာ မဖြစ်နိုင်တာ ဘာမှမရှိ'တဲ့။

ဒီစကားကို လက်သုံးစကားအဖြစ် နေ့စဉ်လိုလည်း ပြောဖြစ်တယ်။ ဒီလိုဇာတ်လမ်းမျိုးစုံကိုလည်း ရှာဖွေသင်ကြားပေးခဲ့တယ်။ ဘယ်လောက်များ သင်ခဲ့သလဲဆိုရင် 'မသန်ပေမဲ့ စွမ်းသူများ'ဆိုတဲ့ ခေါင်းစဉ်နဲ့ စာအုပ်

mgyoe.com

mgyoe.com SAMPLE BOOK

တစ်အုပ် ထုတ်လောက်အောင်တောင် များခဲ့တယ်။ ဒါပေမဲ့လည်း နောက်ပေါက်လာတဲ့ လူငယ်တွေရဲ့ပါးစပ်ဖျားက 'လုပ်တော့ လုပ်ချင်တာပေါ့။ ဒါပေမဲ့ ...' ဆိုတဲ့ စကားက ကြားနေရဆဲ ဖြစ်တယ်။ ဘာကြောင့်များ အညံ့ခံစိတ် ကြီးမားလွန်းကြတာလဲလို့လည်း ဆက်ပြီး တွေးနေရဆဲ ဖြစ်တယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အလုပ်ကျယ် အလယ်လပ် မဖြစ်စေချင်

လက်ပွန်းတတီး ရင်းနှီးတဲ့ တပည့်ကျောင်းသားဟောင်းတစ်ယောက် တစ်နေ့က လာကန်တော့ နှုတ်ဆက်ပါတယ်။ နိုင်ငံခြားတစ်ခေါက် ပြန်သွားဦးမယ်၊ နည်းနည်းတော့ ကြာလိမ့်မယ်လို့ ပြောပါတယ်။ ဒီက အလုပ်တွေ ဘယ်သူနဲ့ ထားခဲ့မှာလဲလို့ မေးတော့ စက်ရုံပိတ်လိုက်တာ တစ်နှစ်ကျော်သွားပြီလို့ ပြောပါတယ်။

**တစ်ဆင့်ခံ အထည်ချုပ်**

သူက တရုတ် (တိုင်ပေ) မှာ လေးငါးနှစ် သွားနေပြီး ပြန်လာတော့ အထည်ချုပ်စက်ရုံလေးတစ်ခု ထောင်ပါတယ်။ သူ့အပြောအရတော့ သေးသေးလေးပါ။ စက်အလုံး တစ်ရာလောက်နဲ့ပဲ တစ်ဆင့်ခံလုပ်ရတာပါလို့ ပြောပါတယ်။ သဘောကတော့ နိုင်ငံခြား ဝယ်လက်ရှိထားတဲ့ ကုမ္ပဏီကြီးတွေက မနိုင်လို့ ခွဲပေးတဲ့အထည်တွေ ချုပ်ပေးရတာ ဖြစ်ပါတယ်။ ၆ နှစ်၊ ၇ နှစ်လောက် ကြာတော့ အပ်ထည်မရှိတော့တာကြောင့် စက်ရုံပိတ်ပစ်လိုက်ပြီး စက်တွေကို လျှော့ဈေးနဲ့ ထုတ်ရောင်းလိုက်တယ်လို့ ပြောပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

## စည်သွတ်လုပ်ငန်း စိတ်ဝင်စား

ဒီတစ်ခေါက်တော့ တရုတ် (တိုင်ပေ) ကိုသာမက ကိုရီးယားကိုပါ သွားမယ်။ ဘာလုပ်ရင် ကောင်းမလဲဆိုတာ လေ့လာမယ်လို့ ဆိုပါတယ်။ သူ့စိတ်ထဲမှာတော့ စည်သွတ်ဘူးလုပ်ငန်းလုပ်ဖို့ ရည်မှန်းချက်ရှိတယ်လို့လည်း ပြောသွားပါတယ်။ သူ ပြန်သွားတော့လည်း ခေါင်းထဲမှာ စဉ်းစားစရာတွေ ကျန်နေရစ်ပါတယ်။ သူသာမက တခြားတပည့်တွေ တော်တော်များများလည်း စီးပွားရေးနယ်ပယ်ထဲမှာ လုပ်ကိုင်နေကြပါတယ်။ ကုမ္ပဏီထောင်ကြ၊ စက်ရုံလုပ်ငန်း လုပ်ကြပေါ့။ ဟိုးဟိုးကျော်အောင်မြင်နေသူရှိသလို သာမန်လောက်ဖြစ်နေသူ၊ အခုတပည့်လို လုပ်ငန်းပိတ်သိမ်းသွားရသူတွေလည်း ရှိပါတယ်။

## အလွယ်လမ်း လိုက်နေကြ

အောင်မြင်သူ၊ အသင့်အတင့်ဖြစ်သူ၊ မအောင်မြင်သူ သုံးမျိုးစလုံးကို ကြည့်လိုက်တော့ အားလုံးလိုလိုဟာ ခေတ်စားနေတဲ့ ပေါ်ပင်လုပ်ငန်းတွေဖြစ်ကြတဲ့ ကုန်ကူးသန်းရောင်းဝယ်ရေး (Trading)၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း စတာတွေပဲ လုပ်ကိုင်နေကြတာ သတိပြုမိပါတယ်။ အတော်များများကဆို တစ်ခါသောက် ကော်ဖီမှုန့်ထုပ်လုပ်ငန်း၊ ခေါင်းလျှော်ရည်ထုပ်လုပ်ငန်း စတာတွေ ဖြစ်ပါတယ်။ နိုင်ငံရဲ့ စက်မှုနည်းပညာတွေ တိုးတက်ထွန်းကားရေးအတွက် အရေးပါတဲ့ လုပ်ငန်းမျိုးတွေ တယ်မတွေ့ရပါဘူး။ အလွယ်လမ်းလိုက်ပြီး လတ်တလော အလုပ်ဖြစ်ဖို့ပဲ အာရုံပြုကြတယ်လို့ ယူဆပါတယ်။ ရေရှည်အတွက် တယ်ပြီး စဉ်းစားကြပုံမရပါဘူး။

## ပွဲစားလုပ်ဖို့လောက်သာ စိတ်ကူးရှိ

ဂျပန်၊ စင်ကာပူ၊ တရုတ် (တိုင်ပေ) စတဲ့ နိုင်ငံတွေမှာ လေးငါးဆယ်နှစ် သွားနေပြီး ပြန်လာကြသူ လူငယ်တွေ အမြောက်အမြားရှိပါတယ်။ သူတို့တစ်တွေကလည်း အဲဒီနိုင်ငံက အဆက်အသွယ်တွေရဲ့ ပွဲစားအေးဂျင့်လုပ်ဖို့လောက်သာ စိတ်ကူးရှိကြပြီး ဒီကပစ္စည်း ဟိုပို့၊ ဟိုကပစ္စည်း ဒီသယ် ဆိုတာမျိုးလောက်ပဲ လုပ်ကြပါတယ်။ ကိုယ့်အခြေအနေနဲ့ လုပ်

mgyoe.com

mgyoe.com SAMPLE BOOK

နိုင်လောက်တဲ့ ဟိုနိုင်ငံတွေက အိမ်တွင်း စက်မှုလုပ်ငန်းမျိုးလေးတွေကို လေ့လာအတုယူပြီး ဒီမှာလုပ်သူဆိုလို့ မရှိသလောက်ပါပဲ။ စကားပြော ကြရင်တော့ ဟိုက ဆိုနီကုမ္ပဏီကြီးက ဘယ်လို၊ တိုယိုတာကုမ္ပဏီကြီးက ဘယ်ပုံ၊ ဒေဝူးက ဘယ်သို့၊ ဟွန်ဒိုင်းက ဘယ်နည်း စတဲ့ ကြီးကြီးကျယ် ကျယ် တွေချည်းပါပဲ။

**ခဲတံ၊ ခဲဖျက်တောင် ဝယ်သွင်းနေရ**

လက်တွေ့ကျတော့ ကျွန်တော်တို့ဟာ ကလေးတွေ သုံးနေရတဲ့ ခဲတံ၊ ခဲဖျက်၊ ပေတံ၊ ဘောလ်ပင် စတာတွေတောင် နိုင်ငံခြားက ဝယ်သုံး နေကြရပါတယ်။ ရှက်စရာ၊ ရင်နာစရာကောင်းလှပါတယ်။ မြန်မာနိုင်ငံ ဟာ သစ်ပေါ၊ ဝါးပေါတဲ့ နိုင်ငံပါ။ ခဲတံလုပ်တဲ့ ခဲလည်း ထွက်ပါတယ်။ ခဲဖျက်လုပ်တဲ့ ရော်ဘာလည်း ထွက်ပါတယ်။ ခဲတံ၊ ခဲဖျက်လုပ်တဲ့ လုပ် ငန်းလောက်တော့ နည်းပညာတွေ၊ စက်ကိရိယာတွေလည်း ကြီးကြီး ကျယ်ကျယ် မလိုပါဘူး။ အိမ်တွင်း စက်မှုလုပ်ငန်းလေးတွေအဖြစ်တောင် လုပ်နိုင်ပါတယ်။ ခဲတံ၊ ခဲဖျက်၊ ပေတံ၊ ဘောလ်ပင်၊ ပင်အပ်၊ ကလစ်ဆိုတဲ့ ပစ္စည်းတွေဟာ ကျောင်းသားတင်မက ရုံးတွေမှာလည်း မရှိမဖြစ် သုံးရတဲ့ ပစ္စည်းတွေဖြစ်တယ်။

**လုပ်ရကောင်းမှန်း မသိတာ**

မြန်မာနိုင်ငံဟာ လူဦးရေ သန်း ၅၀ ကျော်ပြီလို့ ဆိုတယ်။ ကျောင်း သားနဲ့ ဝန်ထမ်း အလုပ်သမားဦးရေဟာ သန်း ၂၀ လောက်တော့ ရှိလိမ့် မယ် ထင်တယ်။ အဲဒီလူတွေအတွက် ခဲတံတွေ၊ ဘောလ်ပင်တွေ တစ်နှစ် ဘယ်လောက်လိုအပ်မလဲ။ ပစ္စည်းတွေက ကျွန်တော်တို့မှာ အစုံရှိပြီးသား။ ဘာကြောင့် မလုပ်နိုင်ကြတာလဲ။ တကယ်တော့ မလုပ်နိုင်တာ မဟုတ်ဘူး။ လုပ်ရကောင်းမှန်း မသိကြတာ။ အထက်မှာပြောခဲ့သလို ခေတ်စားနေတဲ့ ပေါ်ပင်တွေလိုက်ပြီး လတ်တလော အလုပ်ဖြစ်ရေးလောက် ကြည့်တတ် ကြတာ။ တစ်ယောက်က ကော်ဖီဆို ဝိုင်းပြီး ကော်ဖီလိုက်ကြ၊ တစ်ယောက် က ခေါင်းလျှော်ရည်ဆိုရင် ဝိုင်းပြီး ခေါင်းလျှော်ရည်လိုက်ကြ၊ တစ်ယောက် က ဆောက်လုပ်ရေးဆိုရင် ဝိုင်းပြီး ဆောက်လိုက်ကြ၊ နောက်ဆုံးကျတော့

mgyoe.com

mgyoe.com SAMPLE BOOK

ခဲတံနဲ့ ခဲဖျက်တောင် နိုင်ငံခြားက ဝယ်သုံးနေကြရရော။ ရင်နာစရာ မကောင်းဘူးလား။

**အသေးအဖွဲ့ မထင်နဲ့**

ပညာတတ် လူငယ်လုပ်ငန်းရှင်လေးတွေကို 'အလှမ်းကျယ် အလယ်လပ်' မဖြစ်ပါစေနဲ့လို့ သတိပေးချင်ပါတယ်။ မြန်မာနိုင်ငံဟာ သယံဇာတ ကြွယ်ဝလှပါတယ်။ ဒီသယံဇာတတွေကိုသုံးပြီး အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းမျိုးလေးတွေ (SMEs) တည်ထောင်ဖို့ စိတ်ကူးကြစေချင်ပါတယ်။ အထက်မှာ ပြောခဲ့သလို ခဲဖျက်နဲ့ ပေတံလုပ်ဖို့လောက်က ဘာစက်ကိရိယာကြီးတွေ ကြီးကြီးကျယ်ကျယ် လိုမှာလဲ။ သေးသေးမွှားမွှား လုပ်ငန်းလေးတွေပဲလို့ မထင်ပါနဲ့။ ကျောင်းသားနဲ့ အလုပ်သမား ဝန်ထမ်း ဦးရေ ဘယ်လောက်ရှိသလဲ။ တစ်နှစ်ကို ဘယ်လောက်လိုအပ်သလဲဆိုတာ မှန်းဆကြည့်လိုက်စမ်းပါလို့ပဲ တိုက်တွန်းလိုက်ပါရစေတော့။

■

mgyoe.com

mgyoe.com SAMPLE BOOK

# ခေတ်မီခြင်းနဲ့ခေတ်ဆန်ခြင်း

ဖက်ရှင်ရှိုးပွဲတစ်ခုမှာ ဖက်ရှင်မယ်တစ်ယောက်ကို အင်တာဗျူးတော့ ဖက်ရှင်မယ်က နိုင်ငံတကာ စံချိန်နဲ့အညီ ခေတ်မီအောင် အရမ်းကြိုးစားနေရတဲ့အကြောင်း၊ ရုပ်ရှင်တွေ ဗီဒီယိုတွေကတစ်ဆင့်သာ လေ့လာနိုင်သေးလို့ ထင်သလောက် ခရီးမပေါက်သေးကြောင်း ဖြေကြားထားတာကို မဂ္ဂဇင်းတစ်စောင်မှာ ဖတ်လိုက်ရပါတယ်။

**ဘယ်သူ့စံက နိုင်ငံတကာစံလဲ**

အဲဒါကို ဖတ်ပြီးတော့ နိုင်ငံတကာအဆင့်မီဆိုတဲ့စကားနဲ့ ခေတ်မီဆိုတဲ့ စကားများ အတော်ခေတ်စားနေတာကို သတိပြုမိပါတယ်။ ဆက်လည်း တွေးနေမိပါတယ်။ နိုင်ငံတကာအဆင့်မီ ဆိုတဲ့စကား နေရာတကာမှာ သုံးစွဲနေကြပါတယ်။ ဘယ်လိုအဆင့်မျိုးကို နိုင်ငံတကာအဆင့်မီလို့ ခေါ်တာမှန်းတော့ ဘယ်သူမှ ရေရေရာရာ မသိကြပါဘူး။ သုံးကောင်းတိုင်း သုံးနေကြပုံ ရပါတယ်။ ဥပမာ ပညာရေး ဆိုပါတော့။ အင်္ဂလိပ်၊ အမေရိကန် ပညာရေးစနစ်တွေကို ဟုတ်လှပြီထင်ပြီး 'စံ'အဖြစ်သတ်မှတ်အတုယူနေကြစဉ်မှာ သူတို့ဆီက ပညာရေးပါရဂူတွေနဲ့ သင်ကြားရေး

mgyoe.com

mgyoe.com SAMPLE BOOK

ပညာရှင်တွေကတော့ သူတို့ဆီက မူလတန်း၊ အလယ်တန်းအဆင့် ကျောင်းသားတွေဟာ သင်္ချာဘာသာလို၊ သိပ္ပံဘာသာလို ဘာသာရပ်တွေမှာ ကိုရီးယား၊ ဂျပန်၊ စင်ကာပူက ကျောင်းသားတွေနောက် အများကြီး ပြတ်ကျန်နေရစ်ပြီ၊ ပညာသင်ကြားရေးစနစ်တွေ ပြုပြင်ဖို့ နည်းလမ်း ရှာကြံသင့်ကြပြီလို့ သုံးသပ်ပြောဆိုနေတာတွေ ကြားသိနေရပါတယ်။

## လော်မာတဲ့အဆင့် မရောက်သင့်

စောစောကပြောတဲ့ ဖက်ရှင်ရှိုးကို ပြောပါရစေဦး။ ဖက်ရှင်အရာမှာ ကမ္ဘာ့ထိပ်သီးဖြစ်တဲ့ ပြင်သစ် ဖက်ရှင်ရှိုးတွေကိုမိမှ နိုင်ငံတကာအဆင့်မီလို့ ယူဆပြီး သူတို့ကို အတုယူရမှာလား။ အတုယူတာမျိုးတွေတော့ တွေ့နေရပါတယ်။ ရှိုးပွဲတချို့ဆိုရင် မြန်မာပြည်မှ ဟုတ်ရဲ့လားလို့ ထင်ရလောက်အောင်ကို ဝတ်စားဆင်ယင်မှု လွန်ကဲတာ တွေ့ရပါတယ်။ တော်ရုံလွန်တာ မဟုတ်ပါဘူး။ 'လျှပ်ပေါ်လော်လည်'တဲ့ အဆင့်ထိတောင် လွန်နေတာမျိုးပါ။ ဘယ်အချိန်မှာများ ဘီကီနီကြော်ငြာတွေ မြင်တွေ့ရမလဲလို့တောင် တွေးမိပါတယ်။ လှရုံပရုံမဟုတ်တော့ဘဲ 'လော်မာ'တဲ့ အဆင့်ထိတော့ မရောက်စေသင့်ဘူး။

## မှန်ကန်စွာ တွေးခေါ်တတ်မှ

နောက်ပြီး ခေတ်မီတယ်ဆိုတဲ့ စကား။ ဘယ်ဟာကို ခေတ်မီတယ်လို့ ခေါ်ရမှာလဲ။ ရမ်ဘိုလို ရုပ်ရှင်ကားတွေ ရိုက်နိုင်တာ ခေတ်မီတာလား။ ကွန်ဖူးကားတွေ ရိုက်တတ်တာ ခေတ်မီတာလား။ အလွယ်ပြောပြီး အလွယ်လိုက်လုပ်ကြတာ မကောင်းဘူး။ ကလေးတွေအတွက် နမူနာဆိုး ဖြစ်စေတယ်။ အတွေးအခေါ်တွေ မှန်မှန်ကန်ကန်ဖြစ်အောင် ကြိုးစားခြင်းကမှ တကယ်ခေတ်မီခြင်း ဖြစ်တယ်ဆိုတာ ကလေးတွေ သိအောင် လုပ်ပေးရပါမယ်။ ပညာသင်ယူရာမှာလည်း သူများရေးထားတဲ့ စာတွေ အလွတ်ရွတ်ပြတတ်ရုံ လုပ်တတ်ခြင်းဟာ ပညာတတ်ခြင်းမဟုတ်ကြောင်း သိအောင်လုပ်ဖို့ လိုပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

**ပြောတတ်ရုံနဲ့ ဘာဖြစ်လာမှာလဲ**

အရာရာကိုလည်း စာအုပ်ထဲက ပုံစံအတိုင်း တွေးတတ်၊ မြင်တတ်၊ လုပ်တတ်ရုံနဲ့ ဘာမှ အရာမရောက်ပါဘူး။ အိုင်းစတိုင်းက ဘာပြောတယ်၊ နယူတန်က ဘယ်လိုလုပ်တယ်၊ ကိန်းက ဘယ်လို ဆိုခဲ့တယ်၊ ဒါဝင် ဘယ်လိုရေးခဲ့တယ် ဆိုတာတွေ ပြန်ပြောတတ်ရုံနဲ့ ဘာဖြစ်လာမှာလဲ။ ကိုယ် လုပ်နိုင်တာမှ မဟုတ်တာ။ အရေးကြီးတာက ကိုယ်လုပ်နိုင်ဖို့ပဲ။ သူများပြောတာဆို ဘယ်သူ ပြောတာမှမယုံနဲ့။ ကိုယ်တိုင်သိ၊ ကိုယ်တိုင် တွေ့မှ ယုံဆိုတဲ့ 'ကာလာမသုတ်'ကို မြန်မာတိုင်း သိနေကြတာပဲ။ အဲဒီ ကာလာမသုတ်ဟာ အမှန်ဆုံး၊ အကောင်းဆုံး ပညာသင်ယူနည်း ဖြစ်တယ်။ အမှန်ကန်ဆုံး အမှန်တရားရှာနည်း ဖြစ်တယ်။ ဒါကို ဘာကြောင့် လျစ် လျူရှုထားကြတာလဲ။

**ရှေ့က ပြေးခိုင်း**

ပညာသင်တယ်ဆိုတာ ပိုင်းခြားစိတ်ဖြာ စဉ်းစားတွေးခေါ် (critical thinking) တတ်အောင် လုပ်ပေးခြင်း ဖြစ်တယ်။ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားတတ်ရမယ်၊ ကိုယ်ပိုင်ဉာဏ်နဲ့ လုပ်တတ်ရမယ်။ မီအောင်လိုက် တယ် ဆိုတာက နောက်လိုက်လုပ်တာပဲ။ ကလေးတွေကို နောက်လိုက် မလုပ်ခိုင်းပါနဲ့။ ရှေ့ကလျှောက်တဲ့ လမ်းဖောက်သူ ဖြစ်ပါစေ။ ခေတ်မီ အောင် မကြိုးစားခိုင်းပါနဲ့။ ခေတ်ရှေ့က ပြေးခိုင်းပါ။

**လမ်းပေါ်က အသံတွေ**

စံပြပုဂ္ဂိုလ်တွေကို အတုယူတဲ့အခါမှာလည်း အနှစ်သာရကို အတု ယူတတ်ဖို့၊ အပေါ်ယံအကာတွေကို အတုမယူဖို့ သတိပေးပါ။ ဒီနေ့ ကမ္ဘာတစ်လွှား ခေတ်စားနေတဲ့ ရော့ခ်တို့၊ ရက်ပ်တို့၊ ဟာစ်ပ်ဟော့ပ်တို့ ဆိုတဲ့ ဂီတအမျိုးအစားတွေဟာ သန္ဓေကောင်းက ပေါက်ဖွားလာခဲ့ကြတာ ဖြစ်တယ်။ ရှေးပဒေသရာဇ် နန်းတော်ကြီးတွေနဲ့ ရဲတိုက်ကြီးတွေထဲက အရှင်သခင်တွေကို အပျင်းတော်ပြေအောင် ပျော်တော်ဆက်ရတဲ့ ဂီတမျိုးကို မကြိုက်တဲ့လူတွေက ဂစ်တာတစ်လက်၊ ဒါမှမဟုတ် ဆက်ဆိုဖုန်း တစ် လက်နဲ့ လမ်းဘေးအုတ်ခုံပေါ်မှာထိုင်ပြီး လမ်းပေါ်ကလူတွေရဲ့ ရင်ထဲက

mgyoe.com

mgyoe.com SAMPLE BOOK

အသံတွေကို တီးခတ်ဖော်ကျူးခဲ့ကြတာ ဖြစ်တယ်။

## အကာကိုသာ ယူကြ

နောက်လူတွေခေတ် ရောက်တော့ ရှေ့ကလူတွေရဲ့ စိတ်ဓာတ်နဲ့ ရည်ရွယ်ချက်ကို အတုမယူကြဘဲ ဝတ်စားဆင်ယင်မှုဆိုတဲ့ အပေါ်ယံ အကာလောက်ကို အတုယူကြပြီး စုတ်စုတ်ပြတ်ပြတ် အဝတ်အစားနဲ့ ဆံပင်ရှည်ကြီးတွေ ဖိုးရိုးဖားရားနဲ့ မျက်စိနောက်စရာ ဖြစ်ကုန်ကြတော့တယ်။ နောက်ဆုံး ဆယ်စုနှစ် နှစ်ခုလောက်ကျတော့ မူးယစ်ဆေးဝါးနဲ့ ညစ်ညမ်းမှုတွေလောက်ပဲ အဓိကထား ဖော်ကျူးနေကြတော့တာ တွေ့ရတယ်။ ဒါတွေကို လူငယ်တွေ သိအောင် လူကြီးတွေက လုပ်ပေးရမယ့် တာဝန် ရှိတယ်။ ပေ့ါပ်ဂီတဆိုတာ 'လူထုဂီတ' ဖြစ်တယ်။ 'လူတစ်စုဂီတ' မဟုတ်ဘူးဆိုတာ ပြောပြဖို့လိုတယ်။

## ဟန်ဆောင် ညာဖြန်း

ဒီနေ့ခေတ်မှာ လူတော်တော်များများဟာ အပေါ်ယံ အကာတွေလောက်ကို အဟုတ်ထင်ပြီးနေကြတာ တွေ့နေရတယ်။ အနှစ်သာရကိုတော့ မမြင်ကြဘူး။ တချို့ကျတော့ အပေါ်ယံအကာလေး ယူစွပ်ထားပြီး ဟန်ဆောင် ညာဖြန်းနေတတ်ကြတယ်။ ဒီလိုလူမျိုးတွေဟာ ဘယ်လိုလုပ်ပြီး အနှစ်သာရကို သိရှိနိုင်မှာလဲ။ အနှစ်သာရမဲ့တဲ့သူတွေဟာ တကယ်တော့ နိုင်ငံတကာအဆင့်မီတို့၊ ခေတ်မီတို့ ဆိုတဲ့စကားတွေ အကျယ်လောင်ဆုံး ပြောနေကြသူတွေ ဖြစ်တယ်ဆိုတာ သတိထားကြည့်သူတိုင်း သိကြတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## သာမန်လူများစုပါမှ ဖြစ်မယ်

ကုမ္ပဏီခပ်ကြီးကြီးတစ်ခုမှာ အလုပ်လုပ်နေတဲ့ လူငယ်တစ်ယောက် တစ်နေ့က လာပြီး တိုင်ပင်ပါတယ်။ ဒီလူငယ်လေးဟာ ရိုးသားဖြောင့်မတ်တဲ့ လူငယ်တစ်ယောက် ဖြစ်ပါတယ်။ သူ့အလုပ်ကို သူ လေးလေးစားစားနဲ့ ကြိုးစားလုပ်ကိုင်ပါတယ်။ ဒါပေမဲ့ သူ့အထက် မန်နေဂျာက သူ့ကို သိပ်မကြည်ဘူးလို့ သူ ခံစားရပါတယ်။ အဲဒီကိစ္စ ဘာလုပ်ရင် ကောင်းမလဲ၊ အလုပ်ထွက်ရမလားလို့ အကြံဉာဏ်တောင်းတာပါ။

'ကျွန်တော်က သိပ်တော်၊ သိပ်ထူးချွန်တဲ့သူတစ်ယောက် မဟုတ်ပါဘူး ဆရာ။ ဒါပေမဲ့ ကျွန်တော့်အလုပ်ကိုတော့ အမြဲတမ်း ကျေပွန်အောင် လုပ်ပါတယ်။ တခြားသူတွေ မလုပ်မနိုင်ရင်တောင် ဝိုင်းကူပါတယ်။ ခိုင်းထားတဲ့အလုပ်က မပြီးလို့ အဆူခံရတာမျိုးလည်း တစ်ခါမှ မရှိပါဘူး'

### မြို့သားစရိုက် မရှိ

ဒီလူငယ်လေးက နယ်ကပါ။ တောခလေ့၊ နယ်ခလေ့လေးတွေ သူ့မှာ မပျောက်သေးလို့ ဘယ်သူ့မဆို ကူညီချင်စိတ် ရှိပါတယ်။ မြို့သားစရိုက်ဖြစ်တဲ့ ရှေ့တစ်မျိုး၊ ကွယ်ရာတစ်မျိုး လုပ်တာ၊ ရှေ့မှာ ပြုံးပြပြီး

mgyoe.com

mgyoe.com SAMPLE BOOK

ကွယ်ရာကျမှ ချောက်တွန်းတာ၊ ဟန်ဆောင်ပေါင်း ပေါင်းတာမျိုးတွေ မရှိဘူး။ စကားနည်းပြီး အေးအေးနေတတ်တယ်။ ဒါနဲ့တောင် သူ့ မန်နေဂျာက ဘာကြောင့် မကြည်ရတာလဲလို့ တွေးမရ ဖြစ်နေပါတယ်။

**ဆရာမွေး၊ တပည့်မွေး**

သူ့မန်နေဂျာနဲ့ စကားအချေအတင် ပြောရတာမျိုး ရှိဖူးသလား မေးကြည့်တော့ တစ်ခါမှ မဖြစ်ဖူးပါဘူးတဲ့။

'တစ်ခုတော့ရှိတယ် ဆရာ။ ကျွန်တော်က ကပ်ဖားမလုပ်တတ်ဘူး။ မန်နေဂျာအတွက် နေ့လယ်စာစားဖို့ မုန့်ဝယ်လာပေးတာတို့၊ ထမင်းချိုင့် ဆေးပေးတာတို့ မလုပ်တတ်ဘူး။ တချို့က ဒါမျိုးတွေ လုပ်တတ်ကြတယ်။ အလုပ်ကျ သိပ်လုပ်ကြတာ မဟုတ်ဘူး။ ဒီလိုမျိုးတွေတော့ မန်နေဂျာက ကြည်တယ်'

သူ ဒီလိုပြောတော့ စဉ်းစားစရာမလိုတော့ပါဘူး။ လုပ်ငန်းခွင်တွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဆရာမွေး၊ တပည့်မွေး ကိစ္စမျိုးပါပဲ။ တချို့က ကိုယ့်အလုပ်ကိုယ် တာဝန်ကျေအောင် မလုပ်ချင်ဘဲ အခွင့်အရေးတော့ လိုချင်တတ်ကြတယ်။ ဒီတော့ အထက်လူကြီးအကြိုက် လိုက်ပြီး မျက်နှာချို သွေးလေ့ရှိကြတယ်။ အထက်လူကြီး မျက်နှာသာပေးတာ ခံရပြီဆိုရင်တော့ အလုပ်ကို နောက်ကျပြီးမှ လာတာတို့၊ စောစောပြန်တာတို့ လုပ်ကြတယ်။ တာဝန်ကိုလည်း ပြီးပြီးရော သဘောမျိုးနဲ့ လုပ်လေ့ရှိကြတယ်။ နေရာတိုင်းမှာ ဒီလိုလူမျိုးတွေ အများကြီးရှိတာ တွေ့ဖူးကြမှာပါ။

**မျက်နှာချိုသွေးတာ ကျေနပ်**

တချို့ လူကြီးလုပ်သူတွေကလည်း လူကြီးပီသကြတာ မဟုတ်ဘူး။ ပရော်ဖက်ရှင်နယ်စိတ်ဓာတ်လည်း နားလည်ကြတာ မဟုတ်ဘူး။ ဆရာ၊ ဆရာခေါ်ပြီး မျက်နှာချိုသွေးခံရတာကို ကျေနပ်နေတတ်ကြတာ။ မန်နေဂျာ ဆိုတာက ကိုယ့်လုပ်ငန်း တွင်ကျယ်ဖို့၊ အောင်မြင်ဖို့ကို ဂရုစိုက်ရမှာ။ ဘယ်ဝန်ထမ်းတွေ အလုပ်တကယ်လုပ်သလဲဆိုတာ အမြဲအကဲခတ်နေရမှာ။ ကိုယ့်လက်အောက်ဌာနတွင်း ဝန်ထမ်းအားလုံး စည်းစည်းလုံးလုံး၊ တက်ညီလက်ညီရှိအောင် အမြဲနှိုးဆော်နေရမှာ။ ကိုယ်ကစပြီး မျက်နှာသာ

mgyoe.com

mgyoe.com SAMPLE BOOK

ပေးတာမျိုးလုပ်ရင် ဘယ်မှာ စည်းလုံးညီညွတ်မှု ရှိနိုင်တော့မှာလဲ။

**ညံ့ဖျင်းတဲ့ မန်နေဂျာ**

တချို့မန်နေဂျာတွေ ပြောလေ့ရှိတဲ့ စကားတစ်ခွန်းရှိတယ်။ တော်တဲ့သူကို တော်သလို ချီးမြှောက်တာပဲတဲ့။ ဒါဟာ မန်နေဂျာ ဘယ်လောက်ညံ့ဖျင်းသလဲဆိုတာ ပြတဲ့စကား ဖြစ်တယ်။ လူတိုင်းဟာ လူတော်တွေ မဖြစ်နိုင်ပါဘူး။ တော်သူ၊ ချွန်သူဆိုတာ လူ ၁၀၀ မှာ လေးငါးယောက်သာ ရှိနိုင်တာပါ။ အများစုက သူလိုငါလိုချည်းပါပဲ။ လုပ်ငန်းခွင်တစ်ခုမှာ လူတော် လေးငါးယောက်ရှိရုံနဲ့ လုပ်ငန်းမအောင်မြင်ပါဘူး။ လူ ၁၀၀ စလုံး တက်ညီလက်ညီ လှုပ်ရှားမှ အောင်မြင်နိုင်တာမျိုးပါ။

**ဟန်ချက်ညီဖို့လို**

မန်နေဂျာကောင်းဆိုတာက သူလိုငါလို လူပေါင်းများစွာကို ဖေးမကူညီပြီး လက်တွဲခေါ်ရင်းနဲ့ အားလုံး တက်ညီလက်ညီ လှုပ်ရှားအောင် လုပ်ဆောင်နိုင်သူကို ခေါ်တာပါ။ နကို ထက်သူကို ချွန်အောင် လုပ်ပေးတတ်တာလောက်ကို မန်နေဂျာကောင်း မခေါ်ပါဘူး။ ကိုယ့်ဌာနမှာရှိတဲ့ လူအားလုံး တစ်ဦးချင်း စွမ်းအားရှိသလောက် အစွမ်းကုန် အားထုတ်လာကြအောင် လှုံ့ဆော်ပေးနိုင်ဖို့ လိုပါတယ်။ လှေလှော်ကြတဲ့အခါမှာ အားလုံး ဘယ်လောက်ပဲ တော်နေ တော်နေ တစ်ယောက်က ဟန်ချက်ညီအောင် လိုက်မလှော်နိုင်ဘူးဆိုရင် ပွဲပျက်တာပါပဲ။

**စွမ်းဆောင်မှုအမှန် သိဖို့**

'အခွင့်အရေး ရစရာရှိတော့ တကယ် အလုပ်လုပ်တဲ့သူတွေက ရတာ မဟုတ်ဘူး ဆရာ။ ကပ်ဖားလုပ်တဲ့သူတွေကသာ ရသွားကြတာ။ သူ့ဌေးဆိုတာက အောက်ခြေထိ ဘယ်သိမှာလဲ။ မန်နေဂျာရဲ့ မှတ်ချက်ကိုကြည့်ပြီး ပေးလိုက်ကြတာပဲ'

လူငယ်လေး ပြောတဲ့စကားက ထူးဆန်းလှတယ်တော့ မဟုတ်ပါဘူး။ နေရာတိုင်းလိုလိုမှာ မြင်တွေ့နေရတာမျိုးပါ။ ဝန်ထမ်းတစ်ဦးချင်းစီရဲ့ စွမ်းဆောင်မှု (performance) အမှန်ကို သိရှိနိုင်ဖို့ မှတ်တမ်းယူတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

စနစ်မျိုး မရှိတဲ့အတွက် လုပ်ငန်းခွင်ဟာ ဘယ်တော့မှ ထူးခြားတဲ့ အောင်မြင်မှုမျိုး မရရှိနိုင်ပါဘူး။ စွမ်းဆောင်မှု မှတ်တမ်းစနစ် ဌာနတိုင်းမှာ ထားရှိဖို့ လိုပါတယ်။

## အထက်ပြော၊ အောက်နားထောင်

သူတို့ကုမ္ပဏီမှာ သုံးလတစ်ကြိမ် ဝန်ထမ်းအားလုံး စုံညီ အစည်းအဝေး လုပ်လေ့ရှိပါတယ်လို့ လူငယ်လေးက ပြောပါတယ်။ အဲဒီအစည်းအဝေးမှာ သူဌေးနဲ့ မန်နေဂျာတွေက သုံးလအတွင်း လုပ်ငန်းသုံးသပ်ချက်တွေ ပြောကြပြီး နောက်သုံးလအတွက် စီမံချက်တွေ ချပြတယ်။ ပြီးတော့ အစည်းအဝေး ရုပ်သိမ်းလိုက်တာပါပဲ။ သူတို့ဝန်ထမ်းတွေရဲ့ သုံးသပ်ချက်၊ ထင်မြင်ချက်တွေတော့ မတောင်းပါဘူးလို့လည်း ပြောပြပါတယ်။

## အပြန်အလှန်ရှိဖို့လို

ဒါ ... အင်မတန် မှားပါတယ်။ တကယ်တော့ အဲဒီအစည်းအဝေးဟာ ဝန်ထမ်းတွေနဲ့ အပြန်အလှန် ဆွေးနွေးတင်ပြကြတဲ့သဘောမျိုး ဖြစ်သင့်ပါတယ်။ ဒါမှ သူဌေးလုပ်သူဟာ အောက်ခြေက အခြေအနေမှန်တွေကို သိရှိနိုင်မှာ ဖြစ်တယ်။ အောက်ခြေက အခြေအနေမှန်ကို မသိဘဲနဲ့ ချတဲ့ ဆုံးဖြတ်ချက်ဟာ ဘယ်နည်းနဲ့မှ မှန်ကန်တဲ့ဆုံးဖြတ်ချက် မဖြစ်နိုင်ပါဘူး။ လုပ်ငန်းကြီးတစ်ခု လုပ်တယ်ဆိုတာ အမိန့်ပေးပုံစံနဲ့လုပ်လို့ မရပါဘူး။ အားလုံးတက်ညီလက်ညီ ပါဝင်လှုပ်ရှားကြမှ အောင်မြင်နိုင်တာပါ။ ဒီလို တက်ညီလက်ညီ လှုပ်ရှားဖို့ဆိုရင် ဝန်ထမ်းတိုင်းက 'ဒါ ငါအကြံပေးလိုက်တာ'၊ 'ဒါ ငါတင်ပြလိုက်တာ'ဆိုတဲ့ ခံစားချက်မျိုး ရှိနေဖို့ လိုပါတယ်။ ဒီလိုရှိနေအောင် သူတို့ကို ပြောခွင့်ဆိုခွင့်ပေးမှ ဖြစ်နိုင်မှာပါလို့ ပြောပြချင်ပါတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# ငါးကွက်ရုပ်နဲ့ သူဌေးဖြစ်နိုင်တယ်

မတွေ့တာ ငါးနှစ်၊ ခြောက်နှစ်လောက် ရှိပြီဖြစ်တဲ့ ကျောင်းသားဟောင်းတစ်ယောက် သီတင်းကျွတ်တုန်းက လာကန်တော့ပါတယ်။ ဘာတွေ လုပ်နေသလဲ မေးတော့ နိုင်ငံခြားက ပြန်လာပြီးကတည်းက ရန်ကုန်မှာပဲ ပရိဘောဂစက်ရုံတစ်ခု ထောင်ထားတယ်လို့ ပြောပါတယ်။

'နိုင်ငံခြားမှာ အနေကြာသွားတော့မှ ကျောင်းတုန်းက ဆရာပြောလေ့ရှိတဲ့ ဖိုးရိုးချင်းအတူတူ အေးအေးချမ်းချမ်းလေး နေလို့ရတဲ့ ဖိုးရိုးက ပိုကောင်းတယ်ဆိုတဲ့စကား ပြန်ပြန်ပြီး သတိရမိတယ်။ အဲဒါကြောင့် ပြန်လာတာ။ ဒီမှာနေရတာ လူရော၊ စိတ်ရော စိတ်ချမ်းသာတယ်'

## ဂျပန် ခေတ်စားချိန်

လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်၊ အစိတ် သူတို့တစ်တွေ ကျောင်းတက်နေစဉ်ကာလက သင်္ဘောသားလုပ်တာနဲ့ ဂျပန်သွားတာ ခေတ်စားတဲ့ကာလ။ ခုလို မလေးရှား၊ စင်ကာပူတို့ခေတ် မရောက်သေးဘူး။ လူငယ်တိုင်း၊ လုံမငယ်တိုင်းက ဂျပန်သွားဖို့လောက် ကြိုးစားနေကြတယ်။ အမေရိကန်ဗီဇာကလည်း ဒီလောက် မခက်သေးတော့ ကြိုးစားကြတယ်။ အဲဒီအချိန်က သူတို့ကို အဲဒီ ဖိုးရိုးသဘောတရား အမြဲပြောဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

**ဝမ်းပါးကြတယ်**

အဲဒီအချိန်က အမေရိကန်ရောက်သွားတဲ့ လူတစ်ယောက်ဟာ ကျပန်းလုပ်တာတောင်မှ တစ်နာရီကို ၆ ဒေါ်လာကနေ ၈ ဒေါ်လာလောက် ရတယ်။ တချို့ ၁၀ ဒေါ်လာ၊ ၁၂ ဒေါ်လာလောက် ရတာတွေလည်း ရှိတယ်။ အဲဒီအချိန်က ဘွဲ့ရ မူလတန်းပြဆရာမလေး တစ်ယောက်ရဲ့ တစ်လစာ လုပ်ခကမှ ၁၂၆ ကျပ်သာ ရတဲ့ခေတ်ဆိုတော့ လူငယ်တွေက ဝမ်းပါးကြတယ်။ ငွေကုန်ကြေးကျခံ ကြိုးစားကြတယ်။ ပွဲစားအလိမ်ခံရ တာတွေလည်း တစ်ပုံကြီးပဲ။

**အခွန်အခက မျိုးစုံ**

ဟိုနိုင်ငံမှာ တစ်နာရီ ၁၀ ဒေါ်လာရတာသာ ပြောကြတာ။ ဘယ် လောက် ပြန်ပြီးကုန်တယ် ဆိုတာကျတော့ လူတွေက ထည့်ပြောလေ့ မရှိကြဘူး။ အဲဒါတွေကို သူတို့တွေကို တွက်ပြတာပါ။ ဟိုမှာက ဘာမဆို အာမခံထားကြရတာဆိုတော့ လကုန်တာနဲ့ အသက်အာမခံ၊ ကျန်းမာရေး အာမခံ၊ အိမ်အာမခံ၊ ကားအာမခံ၊ ရေဖိုး၊ မီးဖိုး၊ ဓာတ်ဆီဖိုး၊ ဝင်ငွေခွန် စတာတွေနဲ့ လကုန်တော့ လက်ထဲမှာ ဇီးရိုးပဲ ကျန်တယ်ဆိုတဲ့အကြောင်း ဟိုရောက်နေတဲ့ တပည့်တွေ ပြောပြလေ့ရှိတဲ့အတိုင်း သူတို့ကို ပြန်ဖောက် သည်ချတာပါ။

**ဖိစီးမှု တအားများ**

အခွန်အခတွေအပြင် နေ့စဉ်နဲ့အမျှ စိတ်တထင့်ထင့် ဖြစ်နေရတာက ဘယ်နေ့ အလုပ်ပြုတ်မလဲ၊ ဘယ်နေ့ ကုမ္ပဏီပိတ်သွားမလဲလို့ ပူနေရတာ ဖြစ်တယ်။ ကုမ္ပဏီပိတ်သွား၊ အလုပ်ပြုတ်သွားတာ သက်သက်ဆိုရင် ကိစ္စမရှိသေးဘူး။ အရစ်ကျစနစ်နဲ့ ဝယ်ထားတဲ့ကား၊ တစ်ဝက်လောက် ငွေသွင်းထားပြီးကာမှ အလုပ်မရှိတော့လို့ ဆက်မသွင်းနိုင်တဲ့အခါ ကား ပြန်သိမ်းခံရတာက ဆိုးတာ။ အိမ်ဝယ်ထားလည်း အဲဒီလို ခံရတာပဲ။ ဟိုမှာနေရတာက နေ့တိုင်း စိတ်ဖိစီးမှုတွေ ခံစားနေရတာ။ ဒါကြောင့် စိတ်ရောဂါကုဆရာတွေ သိပ်စီးပွားဖြစ်ကြတာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

**တစ်သက်မှ တစ်ခုသာ**

မြန်မာနိုင်ငံက မူလတန်းပြ ဆရာမလေး၊ အောက်တန်းစာရေးလေးရဲ့ လစာက ၁၂၆ ကျပ်သာ ရတာမှန်တယ်။ အိမ်လခ၊ မီးခ၊ ရေခ စတာတွေနဲ့ လကုန်တော့ လက်ထဲမှ ဘာမှမကျန်တော့တာလည်း မှန်တယ်။ ဒါပေမဲ့ ဒီမှာက စိတ်ဖိစီးမှုတွေ သိပ်ပြီး ကြီးကြီးမားမားရှိတာ မဟုတ်ဘူး။ အလုပ်ဆိုတာကလည်း ရပြီးရင် တစ်သက်လုံး လုပ်တော့ပဲ။ ပြုတ်မှာ မပူရဘူး။ ဒီမှာက တစ်သက်လုံး သေတဲ့အထိ အလုပ်တစ်ခုတည်းပဲ လုပ်ခဲ့ဖူးသူတွေသာ များတယ်။ သူတို့ဆီမှာတော့ ဘယ်သူမဆို အလုပ်လေးငါးမျိုး ပြောင်းလုပ်ဖူးကြသူချည်းပဲ။ တချို့ဆို အလုပ်ပေါင်း သုံးလေးဆယ် ပြောင်းလုပ်ခဲ့ဖူးကြတယ်။

**စိတ်ချမ်းသာတာ ရွေးမှာပဲ**

မြန်မာနိုင်ငံမှာက လူမချမ်းသာတာ မှန်တယ်။ ဒါပေမဲ့ စိတ်ချမ်းသာတယ်။ သူတို့ဆီမှာက လူတော့ ချမ်းသာတယ်။ ဒါပေမဲ့ စိတ်မချမ်းသာရဘူး။ ဘယ်ဟာကို ယူမလဲ။ မြန်မာပြည်မှာ မွေး၊ မြန်မာပြည်မှာ ကြီးပြီး မြန်မာစရိုက်နဲ့ နေခဲ့ရသူအများစုကတော့ စိတ်ချမ်းသာတာပဲ ရွေးကြမှာပဲ။ နိုင်ငံခြားမှာ ဆယ့်လေးငါးနှစ် နေခဲ့ရသူတိုင်းကို မေးကြည့်။ မြန်မာပြည်ကို ပြန်နေချင်တယ်လို့ ပြောကြမှာချည်းပဲ။

**ဘူမိနက်သန်**

တကယ်တော့ မြန်မာပြည်လို ဘူမိနက်သန် မှန်တဲ့နေရာ အင်မတန်ရှားပါတယ်။ ရာသီဥတုကလည်း မျှတတယ်။ သယံဇာတတွေလည်း လိုလေသေးမရှိအောင် ကြွယ်ဝတယ်။ စားစရာ ရှိတယ်။ ဝတ်စရာ ရှိတယ်။ နေစရာ သစ်ကြီးဝါးကြီးတွေ ပေါတယ်။ ဓာတ်သတ္တုသယံဇာတတွေ ရှိတယ်။ ကျောက်သံပတ္တမြားတွေ ထွက်တယ်။ ရေနံဓာတ်ငွေ့လည်း ရှိတယ်။ ကဲ ... ဘာလိုသေးလို့လဲ။ ကနေ့ ကမ္ဘာ့ထိပ်သီးစာရင်းဝင်နေတဲ့ ဂျပန်ကျွန်းကလေးမှာ ဘာရှိလို့လဲ။ မြေကြီးအောက်က ငလျင်ကြောကြီးတွေ ပေါတာကလွဲပြီး ဘာသယံဇာတမှ ဟုတ်ဟုတ်ညားညား မရှိဘူး။ စင်ကာပူဆိုလည်း သောက်ရေတောင် ဝယ်သောက်နေရတာ။

mgyoe.com

mgyoe.com SAMPLE BOOK

## မှန်ပြောင်းနဲ့ ကြည့်သူလို

အဲဒါတွေအပြင် မြန်မာလူမျိုးတွေရဲ့ ဉာဏ်ရည်ကလည်း ညံ့တာ မဟုတ်ဘူး။ လူချင်းသာ ယှဉ်၊ ဘယ်သူနဲ့မဆို ယှဉ်နိုင်တယ်။ ဒီနေ့ မြန်မာနိုင်ငံမှာ ဖြစ်နေတာက မှန်ပြောင်းနဲ့ကြည့်တဲ့လူရဲ့အဖြစ်မျိုး။ မှန်ပြောင်းနဲ့ကြည့်တော့ အဝေးကြီးကို မြင်တယ်။ ဒါပေမဲ့ ကိုယ့်ရှေ့ တစ်တောင်အကွာမှာ ဘာတွေ ရှိတယ်၊ ဘာတွေဖြစ်နေတယ် ဆိုတာတော့ မမြင်နိုင်တော့ဘူး။ ဒီနေ့ မြန်မာလူငယ်တွေဟာ အမေရိကန်၊ ဂျပန်၊ စင်ကာပူ၊ ကိုရီးယား၊ မလေးရှား၊ ကူဝိတ်၊ ဒူဘိုင်း စတဲ့နိုင်ငံတွေ ထွက်ပြီး ငွေရှာကြတယ်။ ငွေတွင်းကြီးပေါ် ခွထိုင်ထားပြီး ငွေတွေကို မမြင်ဘူး ဖြစ်နေကြတယ်။

## ဇီးကွက်ရုပ်နဲ့ သူဌေးဖြစ်နိုင်

မြန်မာနိုင်ငံမှာ လုပ်စရာတွေ တစ်ပုံကြီးပါ။ တစ်နေ့ကပဲ ဂျာနယ်ထဲမှာ ဖတ်မိသေးတယ်။ ဇီးစေ့ (ဆီးစေ့) အဆန် ရသလောက် နိုင်ငံခြားက ဝယ်ချင်လို့တဲ့။ ဇီးစေ့အဆန်ဆိုတာ မြန်မာတွေက ဆီးသီးစားပြီး လွှင့်ပစ်လိုက်ကြတာ မဟုတ်လား။ အဲဒီအမှိုက်ကတောင် ပိုက်ဆံဖြစ်နိုင်တယ်လေ။ မြန်မာနိုင်ငံက ပစ္စည်းတွေကို နိုင်ငံခြားက အလုံးအရင်းနဲ့ ဝယ်ချင်တဲ့အခါ ကျွန်တော်တို့မှာ ပေးစရာမရှိဘူး။ ဘုရားဈေးက ဇီးကွက်ရုပ်နဲ့ ပုသိမ်ထီးလိုဟာမျိုးတွေ လစဉ် သိန်းနဲ့ချီ လိုချင်ကြတာ ကျွန်တော်တို့က ပေးစရာမရှိဘူး။ အဲဒါမျိုးတွေဟာ အလုပ်တွေ မဟုတ်လား၊ ငွေတွင်းတွေ မဟုတ်လား။ ပညာတတ် မြန်မာလူငယ်တွေဟာ ဒီလိုလုပ်ငန်းတွေကို အင်နဲ့အားနဲ့ လုပ်ကြမယ်ဆိုရင် နိုင်ငံခြားထွက်စရာ ဘာလိုတော့မှာလဲ။ တံမြက်စည်းကောင်းကောင်း လစဉ် သိန်းနဲ့ချီ ထုတ်နိုင်ရုံနဲ့ သူဌေးဖြစ်နိုင်ပါတယ်။ ဇီးကွက်ရုပ်လုပ်ပြီးလည်း သူဌေး ဖြစ်နိုင်ပါတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## စွယ်စုံရဖြစ်ဖို့လို

မကြာမီက ကာတွန်းဆရာကြီး ဦးဖေသိန်းရဲ့ဇနီး ဒေါ်ခင်လေးနွယ်က စာနယ်ဇင်းအကြောင်း အများဆုံး ရေးနေသူမို့ လိုအပ်တဲ့အခါ သုံးဖို့ဆိုပြီး သူ သိမ်းဆည်းထားတဲ့ ဆရာဦးဖေသိန်းရဲ့ ကာတွန်းလက်ရာကလေးတွေ ပို့ပေးလိုက်ပါတယ်။

**ဌာနဆိုင်ရာသင်တန်း**

အဲဒီထဲက တစ်ပုံဟာ တစ်ချိန်က ကြေးမုံသတင်းစာမှာ 'နီတိ'ဆို တဲ့ ခေါင်းစဉ်နဲ့ ဆရာဦးဖေသိန်း အမြဲဆွဲတဲ့ပုံတစ်ပုံ ဖြစ်ပါတယ်။ ပုံထဲမှာ သတင်းစာသင်တန်းဆိုတဲ့စာပါပြီး ရက်စွဲက ၂၁၊ ၁၁၊ ၆၉ ဆိုတာ ပါနေ တော့ တော်လှန်ရေးအစိုးရလက်ထက် ပြန်ကြားရေးဝန်ကြီးဌာနက ပြုလုပ် တဲ့ သတင်းစာသင်တန်းတစ်ခုခုကို ရည်ညွှန်းပုံရပါတယ်။ အဲဒီအချိန် က အစိုးရဝန်ထမ်းသတင်းထောက်နဲ့ အယ်ဒီတာတွေ၊ သတင်းနဲ့ ဆက်စပ် နေတဲ့ ဌာနများက ဝန်ထမ်းတွေအတွက် သတင်းစာသင်တန်းများ ဖွင့်လှစ် ပေးခဲ့တာတွေ ရှိပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

**ပထမဆုံးသင်တန်း**

မြန်မာနိုင်ငံရဲ့ ပထမဆုံး သတင်းစာပညာသင်တန်းကတော့ တော်လှန်ရေးအစိုးရ တက်ပြီးခါစ ၁၉၆၃ ခုနှစ်ထဲမှာ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းက ကြီးမှူးကျင်းပတဲ့ ပြည်လုံးကျွတ် သတင်းထောက်များ သင်တန်း ဖြစ်ပါတယ်။ ပထမဆုံးအကြိမ် တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပခဲ့တာ ဖြစ်ပါတယ်။ အဲဒီအချိန်က တော်လှန်ရေးအစိုးရ ပြန်ကြားရေးဝန်ကြီးဌာန တာဝန်ခံ ဗိုလ်မှူးကြီးစောမြင့် (မှူးသမိန်၊ မဟေသီ) တက်ရောက်ဖွင့်လှစ် မိန့်ခွန်းပြောကြားခဲ့ပါတယ်။

**မတတ်ပေမဲ့ အကုန်သိ**

အဲဒီသင်တန်းမှာ သတင်းစာသမားတို့တတ်အပ်တဲ့ အင်္ဂါရသ ၁၈ ရပ်ကို သတင်းစာလောကရဲ့ ရှိသေလေးစားခြင်းကိုခံရတဲ့ သတင်းစာဆရာကြီးများက သင်ကြားပို့ချပေးခဲ့ကြပါတယ်။ သတင်းစာသမားဆိုတာ ဟိုဟာနည်းနည်း၊ ဒီဟာနည်းနည်း မသိတာ မရှိ၊ နေရာတကာ သိနေရတဲ့ လူမျိုး ဖြစ်ပါတယ်။ ဘာကိစ္စမဆို ကျွမ်းကျွမ်းကျင်ကျင် မတတ်ရင်သာရှိမယ်၊ သိတော့ သိနေရမှာ ဖြစ်ပါတယ်။ သတင်းစာသမားဆိုတာ Jack of all trades, master of none လို့ တချို့က ပြက်ရယ်ပြုပြောလေ့ ရှိပါတယ်။

**နည်းနည်းနဲ့ ကျဲကျဲဝိုင်း**

ဆရာဦးဖေသိန်းရဲ့ သတင်းစာသမား သရုပ်ဖော်ပုံဟာ တကယ့်မြန်မာသတင်းစာသမားများရဲ့ ပုံပါပဲ။ ကျွန်တော်တို့ဆီမှာက စီးပွားရေးသိပ်ဖွံ့ဖွံ့ဖြိုးဖြိုးကြီး ရှိလှသေးတာ မဟုတ်လေတော့ နိုင်ငံကြီးတွေမှာလို ဘာမှပြည့်ပြည့်စုံစုံ၊ လုံလုံလောက်လောက်ရှိတာ မဟုတ်ပါဘူး။ နေရာတကာ နည်းနည်းနဲ့ ကျဲကျဲ ဝိုင်းနေရတာပါ။ အယ်ဒီတာရယ်လို့ စားပွဲမှာ စတိုင်ကြီးတစ်ခွဲသားနဲ့ ထိုင်နေရတာမျိုး မဟုတ်ပါဘူး။

**ခုနစ်ထွေမင်းသား ဘဝ**

ဆရာဦးဖေသိန်း ဆွဲထားတဲ့အတိုင်း သတင်းတည်းဖြတ်၊ ခေါင်းတပ်လုပ်လိုက်၊ ဆောင်းပါး ဒါမှမဟုတ် ခေါင်းကြီးရေးလိုက်၊ ရေဒီယိုက

mgyoe.com

mgyoe.com SAMPLE BOOK

နိုင်ငံခြားသတင်းတွေ လိုက်ရေးလိုက် လုပ်နေရင်းက ညအချိန်မတော်မှ မီးလောင်တဲ့သတင်းရလို့ ကင်မရာကောက်ဆွဲပြီး ကိုယ်တိုင် သတင်းလိုက်တဲ့အခါ လိုက်ရနဲ့ 'ခုနစ်ထွေမင်းသားကြီး'လို ကကြိုးမျိုးစုံ လိုက်ကနေရတာပါ။ ရန်းရင်းဆန်ခတ်ဖြစ်တဲ့နေရာသွား၊ သတင်းယူရင်း အချောင် ခေါင်းကို အုတ်ခဲကျိုး ထိမှန်တာမျိုးလည်း ခံရတတ်ပါတယ်။

## လိုင်စင်သူဌေး မရှိ

ဒီလို ပင်ပင်ပန်းပန်း လုပ်နေရပေမဲ့ သတင်းစာသမားများဟာ သတင်းစာလောကမှာပဲ ပျော်မွေ့ကြပါတယ်။ အဆက်အသွယ်တွေ ကောင်း၊ အခွင့်အရေးတွေရကြပေမဲ့ ဘယ်သတင်းစာသမား စစ်စစ်မှ လိုင်စင်ခေတ်မှာ ကုမ္ပဏီထောင်ပြီး သူဌေးဖြစ်သွားတာမျိုး မရှိပါဘူး။ အစိုးရအဖွဲ့တွေအတွင်း ရာထူးဌာနန္တရကြီးတွေ ဝင်ယူသွားသူဆိုလည်း ပြောပလောက်အောင် မရှိလှပါဘူး။

## ဝန်ကြီးဘဝကို စွန့်တဲ့သူ

ဘယ်လောက်ပဲ ခက်ခဲကြမ်းတမ်းသည်ဖြစ်စေ၊ ဘယ်လောက်ပဲ ပင်ပန်းဆင်းရဲသည်ဖြစ်စေ သတင်းစာသမား စစ်စစ်များဟာ သတင်းစာလောကမှာပဲ မွေ့လျော်ပါတယ်။ တစ်ခေတ်တစ်ခါက အစိုးရအဖွဲ့ထဲကို ယဉ်ကျေးမှုဝန်ကြီးအဖြစ် ရောယောင်ပါသွားခဲ့သူ သတင်းစာဆရာကြီး ဦးထွန်းဖေဟာ အစိုးရအဖွဲ့ရဲ့ သဘာဝနဲ့ မကိုက်ညီတဲ့ သတင်းစာသမားရဲ့ လွတ်လပ်လိုတဲ့ ညဉ်ကြောင့် ဝန်ကြီးရာထူးက ထွက်လာခဲ့ဖူးပါတယ်။ နောက်တော့ 'ထွန်းနေ့စဉ်'ဆိုတဲ့ သတင်းစာကို ထူထောင်ပြီး သတင်းစာဆရာပဲ လုပ်နေခဲ့ပါတယ်။

## စွယ်စုံရအောင်လုပ်

ဒီနေ့ခေတ် လူငယ်များအနေနဲ့ ဂျာနယ်လောကထဲ ဝင်ရောက်လုပ်ကိုင်ကြတဲ့အခါမှာ ဆရာဦးဖေသိန်းရဲ့ ကာတွန်းထဲကလို စွယ်စုံရသတင်းသမားတစ်ယောက်ဖြစ်အောင် ကြိုးစားကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ချင်ပါတယ်။ ■

mgyoe.com

mgyoe.com SAMPLE BOOK

## အဆိပ်စာ

ဆရာ ကာတွန်းဦးဖေသိန်းရဲ့ဇနီး ဒေါ်ခင်လေးနွယ် အမှတ်တရ ပို့ပေးလိုက်တဲ့ ဆရာ့လက်ရာဟောင်းတွေထဲက အဆိပ်အတောက် စာနဲ့ အဆိပ်အတောက် အစာဆိုတဲ့ ၁၉၆၇ ခုနှစ်က လက်ရာတစ်ခုကို တွေ့လိုက်ရတော့ ကမ္ဘာတစ်ခုလုံးကို အန္တရာယ်ပေးနေတဲ့ အဆိပ်အတောက် အစာတွေအကြောင်းကို သွားစဉ်းစားမိပါတယ်။

**အမှိုက်စာတွေတဲ့**

အဲဒီ အဆိပ်အတောက် အစာတွေကတော့ အနောက်နိုင်ငံတွေမှာ ခေတ်စားရာက ကမ္ဘာတစ်ခုလုံး ပျံ့နှံ့သွားတဲ့ အသင့်စား (fast food) လို့ခေါ်တဲ့ စားစရာတွေနဲ့ အာလူးကြော်၊ ပြောင်းဖူးပေါက်ပေါက်၊ ကွတ်ကီး မျိုးစုံလို စားစရာထုပ်တွေ ဖြစ်ပါတယ်။ အဲဒီစားစရာတွေဟာ အာဟာရ ဖြစ်တာက နည်းနည်း၊ အန္တရာယ်ဖြစ်တာက များများမို့ 'အမှိုက်စာ' (junk food) တွေလို့ ဒီနေ့ခေတ်မှာ ခေါ်ကြပါတယ်။ စတင် ခေတ်စားခဲ့တဲ့ အနောက်နိုင်ငံတွေမှာ ပညာပေးမှုတွေကြောင့် ပညာတတ်အသိုင်းအဝိုင်းမှာ ရှောင်ကြဉ်လာကြပေမဲ့ အရှေ့ဘက်ဒေသများမှာတော့ ခုမှ

mgyoe.com

mgyoe.com SAMPLE BOOK

ခေတ်စားကောင်းတုန်းပဲ ရှိနေပါသေးတယ်။

**ဆွီဒင်ပညာရှင်များရဲ့ တွေ့ရှိချက်**

ဖိုင်တစ်ခုထဲမှာ သိမ်းထားတဲ့ သတင်းစာဖြတ်ပိုင်းဟောင်းတစ်ခုမှာ အဲဒီအကြောင်း တွေ့တာကြောင့် ပြန်ဖတ်ကြည့်မိပါတယ်။ ဗြိတိန်နိုင်ငံထုတ် ဒေးလီးတယ်လီဂရပ်ဖ် သတင်းစာက ဖြတ်ပိုင်းလေးပါ။ ဆွီဒင် သိပ္ပံပညာရှင်များက ဈေးကွက်ထဲမှာ ရောင်းချနေတဲ့ အာလူးကြော်၊ ပေါက်ပေါက်ပွင့်၊ ကွတ်ကီး စတဲ့ အထုပ်တွေကို စစ်ဆေးစမ်းသပ်တဲ့အခါ ကင်ဆာဖြစ်စေနိုင်တယ်လို့ သံသယဖြစ်စရာ အထောက်အထားများ တွေ့ရကြောင်း ရေးသားထားတာ ဖြစ်ပါတယ်။

**ဗြိတိန်ပညာရှင်များက ဆက်လေ့လာ**

ဗြိတိန်နိုင်ငံရဲ့ 'အစားအစာ စံနှုန်းသတ်မှတ်ရေး အေဂျင်စီ' ရဲ့ သိပ္ပံပညာရှင်များက ဆွီဒင်က ပညာရှင်များတွေ့ရှိခဲ့တဲ့ အထောက်အထားတွေကို အခြေပြုပြီး ဆက်လက် သုတေသနပြုခဲ့ကြပါတယ်။ အဲဒီအခါ အာလူးကြော်၊ ပေါက်ပေါက်ပွင့်၊ ဘီစကစ်၊ ပေါင်မုန့်၊ အသားကင်၊ အသားကြော် စတဲ့ စားစရာထုပ်တွေထဲက စားစရာများမှာ 'အခရီလာမိုက်' (acrylamide) ဆိုတဲ့ ဓာတ်ပစ္စည်းတစ်ခုဟာ ပါသင့်တဲ့ပမာဏထက် အဆပေါင်းများစွာ ပိုပြီး ပါဝင်နေကြောင်း တွေ့ရတယ်လို့ ဆိုပါတယ်။

**ကြွက်တွေမှာ ကင်ဆာဖြစ်**

အဲဒီ 'အခရီလာမိုက်' ဓာတ်ပစ္စည်းဟာ မူလပစ္စည်းရဲ့ ဗီဇကို ပြောင်းလဲပျက်စီးသွားစေတဲ့ သတ္တိရှိပြီး ကြွက်တွေကို စမ်းသပ်ရာမှာ ရင်သားကင်ဆာ၊ ဆီးလမ်းကြောင်းကင်ဆာ၊ စအိုလမ်းကြောင်း ကင်ဆာ၊ အဒရီနယ်လင် အကျိတ်ကင်ဆာ စတဲ့ ကင်ဆာအမျိုးမျိုး ဖြစ်စေတာကို တွေ့ရှိရတယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားတာ တွေ့ရပါတယ်။

အခရီလာမိုက်ဓာတ်ဟာ ကြော်လိုက်၊ ကင်လိုက်၊ ဖုတ်လိုက်တဲ့ အခါမှာ ဖြစ်ပေါ်လာပြီး သတ်မှတ်ပမာဏထက် ပိုပြီးများနေရင် ကင်ဆာ ဖြစ်နိုင်ခြေရှိတယ်လို့ ဆိုပါတယ်။ ဗြိတိန်ပညာရှင်များရဲ့ တွေ့ရှိချက်အရ

mgyoe.com

mgyoe.com SAMPLE BOOK

အချို့ ရောင်းတမ်းအစားအစာများမှာ အခရီလာမိုက် ပါဝင်နှုန်းဟာ အဆ ပေါင်း ၁၂၈၀ လောက်အထိတောင် ပိုများနေကြောင်း တွေ့ရတယ်လို့ ဆိုပါတယ်။

ဥရောပနိုင်ငံများမှာ အခရီလာမိုက်ပါဝင်နှုန်းကို (ppb) လို့ သတ်မှတ်ထားပြီး ၁ ဘီလျံမှာ ၁၀ စိပ်ထက် မပိုစေရလို့ သတ်မှတ်ထားပါတယ်။ တချို့ အခြောက်ကြော်များဟာ အထုပ်အတိုင်းဆိုရင် 200 ppb ရှိပြီး ပြန်ချက် ပြုတ်လိုက်တဲ့အခါမှာ 3500 ppb အထိ ရှိသွားတယ်။ သိပ်ကျက်အောင်၊ နူးအောင် ချက်ပြုတ်လိုက်တဲ့ အခါများမှာ 12800 ppb အထိတောင် ရှိသွားတယ်လို့ သိရပါတယ်။ ဗြိတိန်နဲ့ ဆွီဒင် သိပ္ပံပညာရှင်များရဲ့ တွေ့ရှိချက်ကို ဥရောပကော်မရှင်ကိုပေးပို့ပြီး လိုအပ်သလို စစ်ဆေးဆောင်ရွက်စေမယ်လို့ သိရပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း အထူး အစည်းအဝေးတစ်ရပ် ကျင်းပပြီး ဒီကိစ္စကို ဆွေးနွေးတိုင်ပင်ဖို့ ပြင်ဆင်နေပါတယ်။ အစားအစာ ထုတ်လုပ်ရောင်းချတဲ့ လုပ်ငန်းနယ်ပယ်မှာ ပိုပြီး တိကျပြတ်သားတဲ့ စံနှုန်းသတ်မှတ်ချက်တွေ ချမှတ်နိုင်ဖို့ ကိစ္စဟာ ဒီခေတ်ကြီးမှာ အင်မတန် အရေးတကြီးလိုအပ်တဲ့ ကိစ္စတစ်ခု ဖြစ်ပါတယ်။

ကမ္ဘာတစ်ခုလုံးမှာ စီးပွားရေးပုံစံတွေ ပြောင်းလဲတာနဲ့အတူ လူနေမှုပုံစံတွေလည်း အကြီးအကျယ် ပြောင်းလဲသွားခဲ့ရပါတယ်။ ကမ္ဘာ့လူသားအများစုဟာ နေအိမ်မှာနေရတဲ့အချိန်ထက် နေအိမ်ပြင်ပ လုပ်ငန်းခွင်အသီးသီးမှာ၊ ကားတွေ ရထားတွေပေါ်မှာ နေရတဲ့အချိန်က ပိုပြီး များလာနေပါတယ်။ အိမ်ရှင်မများ၊ မိခင်များလည်း အပြင်ထွက် အလုပ်လုပ်နေကြရလေတော့ ချက်ပြုတ်ကြော်လှော်တဲ့ အလုပ်တွေ မလုပ်နိုင်ကြတော့ပါဘူး။ အသင့် စီမံပြီးသား စားစရာဘူးတွေ၊ အထုပ်တွေကို ဝယ်သိမ်းထားပြီး စားခါနီးမှ နွေးလိုက်၊ ပြုတ်လိုက် ဆိုတာမျိုးပဲ လုပ်နိုင်ကြပါတော့တယ်။

ဒါတင်မက မနက်မိုးလင်းတာနဲ့ အလုပ်ချိန်မီအောင် တက်သုတ်ရိုက် ပြေးကြရတာဆိုတော့ အလုပ်ကို၊ ကျောင်းကို ထမင်းဘူး ယူဆောင်သွားတဲ့ အလေ့အထ အနောက်နိုင်ငံတွေမှာ ကွယ်ပျောက်သွားတာလည်း ကြာပါပြီ။ နေ့လယ်ကျတော့ ကြုံရာ fast food ဆိုင်ခေါ်တဲ့ အသင့်လုပ်ပြီး

mgyoe.com

mgyoe.com SAMPLE BOOK

ရောင်းတဲ့ စားသောက်ဆိုင်တွေ သွားပြီး စားကြသောက်ကြရပါတယ်။

နိုင်ငံတိုင်းလိုလိုမှာ အစားအစာနဲ့ ဆေးဝါးကွပ်ကဲရေး အဖွဲ့အစည်းတွေ အစိုးရက ဖွဲ့စည်းထားကြပါတယ်။ ဒါပေမဲ့ အဲဒီအဖွဲ့တွေက ဆေးဝါးကိုသာ အထူးအာရုံစိုက်ပြီး စစ်ဆေးကွပ်ကဲနိုင်ကြပါတယ်။ အသောင်း၊ အသိန်းချီပြီး များပြားလှတဲ့ စားစရာဘူးတွေ၊ အထုပ်တွေကိုတော့ နိုင်နိုင်နင်းနင်း စစ်ဆေးခြင်း မပြုနိုင်ကြပါဘူး။ စားစရာ အထုပ်တိုင်း၊ ဘူးတိုင်းမှာ ပါဝင်တဲ့ ပစ္စည်းများအမည်နဲ့ ပါဝင်တဲ့ အချိုးအဆကို ဖော်ထုတ်ပြရမယ်ဆိုတဲ့ ဥပဒေ ပြဋ္ဌာန်းထားပေမဲ့ အဲဒီ ဖော်ပြချက်များအတိုင်း မှန်မှန်ကန်ကန် တိတိကျကျ လုပ်၊ မလုပ် ဆိုတာတော့ အမြဲတစေ စစ်ဆေးမပေးနိုင်ကြပါဘူး။ ဒီတော့ စီးပွားရေးသမားတွေက အမြတ်ရရေး အဓိကဆိုတဲ့ စီးပွားရေး ဥပဒေသအတိုင်း မမှန်မကန် လုပ်ကြတာတွေ ပေါပေါက်လာလေ့ ရှိပါတယ်။

မကြာခင် ရက်ပိုင်းကလေးကပဲ အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့တော်မှာ ပြောင်းဖူးပေါက်ပေါက် လုပ်ရောင်းတဲ့ ကုမ္ပဏီကြီးတစ်ခုကို စားသုံးသူများက သတ်မှတ်ထားတဲ့ အဆီဓာတ်ပါဝင်မှုနှုန်းထက် ပိုပြီး ပါဝင်နေမှုကြောင့် တရားစွဲတာကို တွေ့လိုက်ရပါတယ်။ ကမ္ဘာကျော် မက်ဒေါ်နယ် ကုမ္ပဏီကြီးကတော့ အာလူးကြော်ကို အမဲဆီနဲ့ ကြော်တယ်ဆိုပြီး တရားစွဲခံရတာကြောင့် လျော်ကြေး အမေရိကန်ဒေါ်လာ ၁၀ သန်း ပေးဆောင်လိုက်ရပါတယ်။

ဆေးလိပ်ကုမ္ပဏီကြီးတွေကို တရားစွဲခဲ့ကြတဲ့ စားသုံးသူကာကွယ်ရေး အဖွဲ့အစည်းများနဲ့ ရှေ့နေအဖွဲ့အစည်းများက စားသောက်ကုန် လုပ်ငန်းများကို ပစ်မှတ်ထားပြီး စားသုံးသူများကိုယ်စား တရားစွဲဆိုခြင်း (class-action law suits) များ ဆက်တိုက်ပြုလုပ်သွားဖို့ ပြင်ဆင်နေတဲ့ မင်္ဂလာသတင်းများ ကြားသိနေရတဲ့အတွက် ဝမ်းသာအားရ ဖြစ်ရကြောင်း တင်ပြလိုက်ရပါတယ်။ ပေါက်တတ်ကရ စားစရာများဘေးမှ ကင်းဝေးကြပါစေကြောင်းလည်း ဆုတောင်းလိုက်ပါတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# သန့်ပေမဲ့မစွမ်းသူတွေအတွက်

တစ်နေ့က လူငယ်တစ်စု ရောက်လာပြီး စကားစမြည်ပြောကြရင်းက မကြာခင်လေးကမှ ထွက်လာတဲ့ 'မသန့်ပေမဲ့ စွမ်းသူများ' စာအုပ်အကြောင်း ရောက်သွားပါတယ်။

**ပါးစပ်အဟောင်းသား ဖြစ်ရ**

'ခြတတ်ပုံတွေသာ မပါရင် ယုံနိုင်လောက်စရာကို မရှိဘူး' သူတို့အားလုံး တစ်လေသံတည်း ထွက်လာတာ ဖြစ်ပါတယ်။ ကိုယ်ခန္ဓာလုံးလုံး မသန့်စွမ်း ဖြစ်နေကြသူတွေဟာ ထူးခြားအောင်မြင်တဲ့ အနုပညာရှင်တွေ ဖြစ်လာကြတယ်ဆိုတာ တကယ်လည်း မယုံနိုင်စရာပါပဲ။ ဘီးတပ် ကုလားထိုင်ပေါ်မှာပဲ ထိုင်နေရသူက အကသင်ဆရာမ လုပ်တယ်ဆိုတာ အံ့သြစရာပဲ မဟုတ်လား။ အံ့သြကုန်နိုင်ဖွယ်တွေ ပြောကြ၊ ဆိုကြပြီးတော့ နောက်ဆုံး သူတို့အားလုံး ချလိုက်တဲ့ ကောက်ချက်ကို ကြားလိုက်ရတဲ့အခါမှာ ပါးစပ်ဟောင်းလောင်း ဖြစ်သွားရပါတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

**သေဟဲ့နန္ဒိယ**

ပါးစပ်ဟောင်းလောင်းဖြစ်ရုံဆို ကိစ္စမရှိပါဘူး။ ခုတော့ တော်တော်ကြီးကို စိတ်ပျက်လက်ပျက် ဖြစ်သွားရပါတယ်။ ဖြစ်သမျှအကြောင်းအကောင်းချည်းပဲဆိုပြီး လောကဓံတရားကို ခေါင်းငုံ့ခံနေတဲ့ စိတ်ဓာတ်တွေပပျောက်ပြီး အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်တွေ ပေါ်ပေါက်စေချင်လွန်းလို့ဒီစာအုပ်ကလေးကို ဘာသာပြန်ဖြစ်ခဲ့တာ ဖြစ်တယ်။ အခုတော့ ကိုယ်အဓိကရည်ရွယ်တဲ့ လူငယ်လေးတွေရဲ့ပါးစပ်က ထွက်လာတဲ့စကားကြားရတာ တော်တော် စိတ်ပျက်သွားရပါတယ်။ ကိုယ့်နဖူးကိုယ်ထုပြီး 'သေဟဲ့နန္ဒိယ'လို့ ရေရွတ်ချင်စိတ်တောင် ပေါက်သွားတယ်။ သူတို့ ပြောလိုက်တာက 'သူတို့ဆီမှာတော့ ဖြစ်နိုင်တာပေါ့နော်'တဲ့။

**အညံ့ခံစိတ်**

စာအုပ်ကိုဖတ်ပြီး 'လှေခွက်ချည်းကျန် အလံမလှဲ'ဆိုတဲ့ စိတ်မျိုးတွေ ပေါ်ပေါက်လာကြလိမ့်မယ်။ ကံကြမ္မာက ဖန်တီးသမျှ ခေါင်းငုံ့လည်စင်းခံ မနေဘူး။ ကိုယ်က ကံကြမ္မာကို ဖန်တီးမယ်ဆိုတဲ့ စိတ်ဓာတ်တွေ ကိန်းအောင်းလာကြလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဒီစာအုပ်ကလေးကို ဘာသာပြန်ခဲ့သူတစ်ဦးအနေနဲ့ စိတ်ပျက်လက်ပျက် ဖြစ်သွားရတာနားလည်နိုင်လိမ့်မယ်လို့ ထင်ပါတယ်။ လူငယ်လေးတွေပဲ၊ ဒီလို 'အညံ့ခံစိတ်'မျိုးတွေ ဘာကြောင့် ခေါင်းထဲမှာ ရှိနေကြရတာလဲ။

**ဒီမှာလည်း ဖြစ်နိုင်တယ်**

လူငယ်ဆိုတာ မျှော်လင့်ချက် ကြီးမားတယ်။ အိပ်မက်တွေ မက်တတ်တယ်၊ ဇွဲရှိတယ်၊ သတ္တိရှိတယ်လို့ ဆိုတယ်မဟုတ်လား။ ဘာကြောင့်ဒီသဘာဝနဲ့ဆန့်ကျင်ပြီး အလျှော့ပေး၊ အညံ့ခံစိတ်တွေ ကြီးမားနေရတာလဲ။

'သူတို့ဆီမှာတော့ ဖြစ်နိုင်တာပေါ့နော်'တဲ့။ ဒီမှာကော မဖြစ်နိုင်ဘူးလား။ ခြေနှစ်ဖက်၊ လက်နှစ်ဖက်စလုံး မပါတဲ့အတွက် ခဲတံကို ပါးစပ်နဲ့ကိုက်၊ စာရေးပြီး ကျောင်းပညာတွေ သင်ယူနေတဲ့ ကလေးမျိုးတွေရဲ့အကြောင်း သတင်းဆောင်းပါးတွေ ဂျာနယ်တွေမှာပါတတ်တာ မဖတ်မိကြဘူးလား။ မျက်မမြင်ဘဝနဲ့ စာတွေသင်ယူပြီး ဘွဲ့ရသွားကြတဲ့ လူငယ်

mgyoe.com

mgyoe.com SAMPLE BOOK

တွေ၊ လုံမငယ်လေးတွေရဲ့ သတင်းမျိုးတွေကော မကြားမိကြဘူးလား။

## အမြင်ချို့တဲ့ပေမဲ့ အသိမချို့တဲ့ဘူး

ခပ်ဝေးဝေးဆို ထားပါတော့။ ဒီနေ့ မဂ္ဂဇင်းတွေမှာ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာတွေ ရေးနေကြတဲ့ မသန်ပေမဲ့ စွမ်းတဲ့သူတွေအကြောင်း သေသေချာချာ လေ့လာကြည့်ကြဖို့ စိတ်ကူးလေးများ မရှိကြဘူးလား။ အသက် ၈၀ ကျော်လို့ ၉၀ နားတောင် ချဉ်းကပ်လာပြီဖြစ်တဲ့ စာရေးဆရာကြီး ဒဂုန်တာရာဟာ အမြင်အာရုံ မကောင်းတော့တဲ့သူပါ။ ဒါပေမဲ့ ဆရာဟာ စာတွေ၊ ကဗျာတွေ အရေးမပျက်ခဲ့ပါဘူး။ မြန်မာ့အရေး၊ ကမ္ဘာ့အရေးများကိုလည်း မျက်ခြည်မပြတ်စေခဲ့ပါဘူး။

## စာရေးဆရာ အေးမင်းစော

ဝတ္ထုတိုလေးတွေ အရေးကောင်းပြီး တစ်ခါတလေ ကဗျာတွေပါ ရေးတတ်တဲ့ 'အေးမင်းစော'ဆိုတာလည်း မထိုင်နိုင်လို့ အိပ်ရာထဲ မှောက်ပြီး စာရေးရတာပါ။ ဒါပေမဲ့ ဝတ္ထုတွေ၊ ကဗျာတွေ အဆက်မပြတ် ရေးနေပါတယ်။ စာရေးဆရာမ ငြိမ်း(ရွှေလီ)လည်း အလားတူပါပဲ။ အိပ်ရာထဲမှာ မှောက်ပြီး ဝတ္ထု၊ ကဗျာတွေ ရေးနေတာပါ။ ငြိမ်း(ရွှေလီ)က ဒုက္ခိတသာ ဖြစ်တယ်။ သူများသနားတာ ခံနေတဲ့သူမျိုး မဟုတ်ပါဘူး။ သူကတောင် သူများတွေကို ကူညီလေ့ရှိပါတယ်။

## စာရေးဆရာမ ငြိမ်း(ရွှေလီ)ရဲ့ ကုသိုလ်

နှစ်စဉ် နိုဝင်ဘာလ ၂၉ ရက်နေ့မှာ အနယ်နယ် အရပ်ရပ် စာပေဝါသနာရှင်တွေနဲ့ စာရေးဆရာတွေဟာ အမရပူရ တောင်သမန်အင်းစောင်းမှာ ဆုံတွေ့လေ့ရှိကြပါတယ်။ ငြိမ်း(ရွှေလီ)လည်း နှစ်စဉ် ဘီးတပ်ကုလားထိုင်နဲ့ ရောက်လာပြီး လူထုအမေကို ကန်တော့ပါတယ်။ ပြီးတော့ သူ လေးစားတဲ့ သက်ကြီးဝါကြီး စာရေးဆရာကြီးတွေကို သူ တတ်နိုင်သလောက် အင်အားလေးနဲ့ ကန်တော့ပါတယ်။ နှစ်စဉ် ဝတ်မပျက်ရှာပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

**သန့်ပေမဲ့ မစွမ်းသူတွေ**

မြန်မာလူမျိုးတွေထဲမှာလည်း မသန့်ပေမဲ့ စွမ်းတဲ့သူတွေ အများကြီး ရှိပါတယ်။ သူတို့တစ်တွေအကြောင်းကို စုစုစည်းစည်းနဲ့ စာတစ်အုပ် ဖြစ်အောင် လုပ်ကြဖို့ ကောင်းပါတယ်။ နိုင်ငံခြားက လူတွေအကြောင်း ဘာသာပြန်တာကို ဖတ်ရတာထက် ကိုယ့်တိုင်းပြည်က ကိုယ့်လူမျိုးတွေ အကြောင်း ဖတ်ရတာက ပိုစိတ်ဝင်စားစရာကောင်းပြီး ပိုပြီး အကျိုးရှိနိုင် ပါတယ်။ လူငယ် ဂျာနယ်လစ်ကလေးတွေ ဒီတာဝန်ကို ယူကြစေချင်ပါ တယ်။ 'မသန့်ပေမဲ့ စွမ်းသူတွေ'အကြောင်း များများဖတ်ရမှ 'သန့်ပေမဲ့ မစွမ်းတဲ့သူတွေ' အညံ့ခံ အရှုံးပေးစိတ်တွေ ပျောက်သွားလိမ့်မယ်လို့ ထင်မိပါတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အရိုပ်မခိုချင်နဲ့

ကျောင်းသား တပည့်ဟောင်းတစ်ယောက်နဲ့ လူငယ်တစ်စု ရောက်လာကြပြီး ကူညီပါဦးလို့ ပြောပါတယ်။ လတ်တလော ခေတ်စားနေတဲ့ လမ်းကြောင်းအတိုင်း ဂျာနယ်အသစ်တစ်စောင် ထုတ်ကြမလို့ ဖြစ်ပါတယ်။ တပည့်ဟောင်းက နိုင်ငံတကာသုံးသပ်ချက် တစ်ပုဒ်နဲ့ လူငယ်ရေးရာ တစ်ပုဒ် မှန်မှန်ရေးပေးပါလို့ နားပူပါတယ်။ ထုံးစံအတိုင်းပဲ လုပ်ပေးရမှာပေါ့လို့ ခေါင်းညိတ်လိုက်ပါတယ်။

သူတို့က ဒါနဲ့ မပြီးသေးပါဘူး။ သူတို့ဂျာနယ်မှာ အကြံပေးနာယကအဖြစ် ထည့်သွင်းဖော်ပြပါရစေလို့ ပြောလာပြန်တယ်။ အကူအညီတောင်းတာ မှန်သမျှ စိမ်းစိမ်း၊ ကျက်ကျက် မငြင်းတတ်ပေမဲ့ ဒီတစ်ချက်တော့ မဖြစ်ပါဘူး။ ရှေးယခင်က တပည့်ဟောင်းတွေကို ငြင်းပယ်ခဲ့သလို သူတို့ကိုလည်း ငြင်းလိုက်ရတယ်။ စိတ်တော့ မကောင်းဘူး။ ဒါပေမဲ့ သူတို့ကောင်းဖို့အတွက် ငြင်းလိုက်ရတာ ဖြစ်တယ်။

သူတို့တစ်တွေဟာ မငယ်ကြတော့ပါဘူး။ ပညာတတ် လူကြီးကလေးတွေ ဖြစ်နေကြပြီ။ တချို့ဆို ဘွဲ့တွေ၊ ဒီပလိုမာတွေတောင် လေးငါးခု ရနေကြပြီ။ ဘာကြောင့် ခုထိ မရင့်ကျက်သေးဘဲ လူကြီးတွေရဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ထီးရိပ်အောက်က မထွက်ချင်ကြသေးတာလဲ။ လောင်းရိပ်မိတဲ့ ပန်းပင်ဟာ အပွင့်တွေ ဝေဝေဆာဆာနဲ့ ဘယ်တော့မှ ဖြစ်မလာတတ်တာ သူတို့ သတိမေ့လျော့နေကြသလား။

သူတို့တစ်တွေ ရင့်ကျက်မလာတာဟာ ရိုးရာ မိသားစုဆက်ဆံရေး ပုံစံနဲ့ ဆိုင်လေသလား၊ ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး နည်းစနစ်တွေ နဲ့ပဲ ပတ်သက်လေသလား။ ပညာသင်ကြားရေးတို့၊ ကျောင်းပတ်ဝန်းကျင်တို့ နဲ့ပဲ ဆက်စပ်နေသလား။ တစ်ခုခုတော့ တစ်ခုခုကြောင့်ဆိုတာ သေချာ တယ်။ ဒီခေတ် လူငယ်ကလေးတွေဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အားနည်းကြတယ်။ လူစွမ်းလူစ၊ လူရည်လူသွေးနဲ့ ငါဟဲ့ ယောက်ျား ... မတစ်ထောင် တစ်ကောင်ဘွားဆိုတဲ့ စိတ်မျိုး တယ်မရှိကြဘူး။

သူတို့တစ်တွေက ငယ်ငယ်က မိဘကို မှီခိုအားထားလွန်းပြီး ကျောင်းရောက်တော့လည်း ဆရာတွေကို တအားမှီခိုတယ်။ နို့ကို ပုလင်းထဲ ထည့်ပြီး ပါးစပ်မှာ တပ်ပေးမှ စို့ချင်ကြတယ်။ ကျောင်းပြင်ပမှာလည်း သူငယ်ချင်း မိတ်ဆွေအပေါင်းအသင်း တစ်ယောက်ယောက်နဲ့မှ သွားတတ် လာတတ်၊ လုပ်တတ်ကိုင်တတ်တယ်။ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်လမ်း ကိုယ်ဖောက် လျှောက်မယ်ဆိုတဲ့ စိတ်မျိုး သိပ်မရှိကြဘူး။

အဲဒီလိုမျိုး တစ်ယောက်ယောက်ရဲ့လောင်းရိပ်အောက်မှာ အကြောင့် ကြခံပြီး နေကြလေတော့ ကိုယ့်မှာရှိတဲ့ အစွမ်းအစ၊ အရည်အသွေးတွေက သံချေးတက်တဲ့ ဓားများလို ဘာမှ သုံးမရတော့ဘူး။ ဓားဆိုတာ သွေးလေ ထက်လေဆိုတဲ့ သဘာဝကို သတိပြုသင့်ကြတယ်။ ကိုယ့်အားကိုယ်ကိုး ပြီး လုပ်နေမကျတော့ ဘာမဆို မလုပ်ရဲ၊ မကိုင်ရဲ ဖြစ်တတ်တယ်။ ကိုယ် လုပ်လို့ ဖြစ်မှဖြစ်ပါ့မလား၊ မှားများသွားလေမလားနဲ့ မရှဲ့မရဲဖြစ်နေလေ့ ရှိတယ်။

မှားပါစေ။ မှားတာ ဘာဖြစ်သလဲ။ မှားဖူးမှ အမှန်ဆိုတာ သိမှာပေါ့။ မလုပ်ရင် မမှားဘူး။ ဘာပညာမှလည်း ရမှာမဟုတ်ဘူး။ အမှားမလုပ်ဖူး ဘူးဆိုတာ အထင်ကြီးစရာ မဟုတ်ဘူး။ ဘာအမှားမှ မလုပ်ဖူးသူဆိုတာ ဘာမှ မသိ၊ မတတ်၊ နားမလည်တဲ့သူသာ ဖြစ်လိမ့်မယ်။ လူနုံ၊ လူအသာ ဖြစ်လိမ့်မယ်။ ပညာရှိဆိုတာ ကိုယ့်အမှားတွေ၊ သူများအမှားတွေကို အများကြီး ကြုံတွေ့ဖူးပြီး အဲဒီအမှားတွေထဲက သင်ခန်းစာထုတ်ယူနိုင်

mgyoe.com

mgyoe.com SAMPLE BOOK

သူမျိုးကို ဆိုလိုတာ ဖြစ်တယ်။

လူငယ်တွေအနေနဲ့ မှားမှာကြောက်ပြီး တွန့်ဆုတ်တွန့်ဆုတ် လုပ်မနေသင့်ဘူး။ ကိုယ် မှန်တယ်ထင်တာကို ရဲရဲသာ လုပ်လိုက်ပါ။ ဘာကိုမှ မငဲ့မကွက်ဘဲ ကိုယ် မှန်တယ်ထင်တဲ့အရာအတွက် တိုးတိုက်တိုက်၊ ကျားကိုက်ကိုက် လုပ်ရဲတဲ့စိတ်ဓာတ်ဆိုတာ လူငယ်ဘဝမှာသာ ရှိနိုင်တာ ဖြစ်တယ်။ ဘာမဆို စွန့်လွှတ်ရဲတယ်ဆိုတဲ့ စိတ်ဓာတ်မျိုးလည်း လူငယ်ဘဝမှာသာ ရှိနိုင်တာ ဖြစ်တယ်။

အသက်ကြီးလာတာနဲ့အမျှ ငွေကွက်စရာတွေ၊ ထောက်ထားစရာတွေ များလာပြီး စွန့်လွှတ်စွန့်စား လုပ်ရဲတဲ့စိတ် လျော့ပါးလာတယ်။ ရှေ့ရေး၊ နောင်ရေး၊ ဘဝလုံခြုံရေးဆိုတဲ့ အတွေးတွေ လွှမ်းကဲပြီး အတ္တရှေ့တန်းရောက်လာတတ်တယ်။ ကမ္ဘာမှာ တစ်ဖက်ဖက်က ပေါက်ပေါက်မြောက်မြောက်ဖြစ်ပြီး ထူးချွန်ထင်ရှားသူတွေဟာ ငယ်စဉ်က မက်ခဲ့တဲ့အိပ်မက်တွေနောက်ကို တိုးတိုက်တိုက်၊ ကျားကိုက်ကိုက် လိုက်ခဲ့ကြသူတွေသာဖြစ်တာ တွေ့နိုင်တယ်။

အိပ်မက်မက်တယ်ဆိုတာ လူငယ်ရဲ့သင်္ကေတ ဖြစ်တယ်။ စိတ်ကူးယဉ်တယ်ဆိုတာလည်း လူငယ်တွေသာ ပိုင်ဆိုင်တဲ့အရာ ဖြစ်တယ်။ စိတ်ကူးယဉ်အိပ်မက် မက်တတ်တဲ့သူတွေက ကမ္ဘာကြီးကို လှအောင် ဖန်တီးခဲ့ကြတာ ဖြစ်တယ်။ သိဒ္ဓတ္ထမင်းသားဟာ အသက် ၃၀ မပြည့်မီ အရွယ်မှာ အမှောင်ကို တွေ့ရှိ သဘောပေါက်နားလည်ပြီး တောဝင်သွားခဲ့တယ်။ အသက် ၃၀ ကျော်စအရွယ်မှာ အလင်းကိုတွေ့ရှိပြီး ဘုရားအဖြစ်ကို ရောက်ခဲ့တယ်။ မြန်မာ့အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းလည်း အသက် ၃၀ မတိုင်မီမှာပဲ ဖဆပလအဖွဲ့ကြီးရဲ့ အထွေထွေ အတွင်းရေးမှူး ဖြစ်လာခဲ့တာပဲ။

လူငယ်ဘဝဆိုတာ အတက်ကြွဆုံး၊ အလန်းဆန်းဆုံး ဖြစ်တယ်။ အဖြူစင်ဆုံးကာလလည်း ဖြစ်တယ်။ ဒီအရွယ်မှာ လုပ်ချင်စိတ်သာ ရှိ၊ ဘာမဆို လုပ်နိုင်၊ ဖြစ်နိုင်တယ်။ အိပ်မက်တွေကို ရဲရဲသာမက်။ အဲ ... အရိပ်တော့ မခိုနဲ့။ သစ်ရိပ်ခိုတာလည်း မကောင်းဘူး။ လူရိပ်ခိုတာလည်း မကောင်းဘူး။ အညွန့်မထွက်ဘဲ တုံးသွားတတ်တယ်။ လောကမှာ ကယ်တင်ရှင် မရှိဘူးဆိုတာ လူငယ်တွေ စွဲစွဲမြဲမြဲ သဘောပေါက်ထားစေချင်

mgyoe.com

mgyoe.com SAMPLE BOOK

တယ်။ ဘာမဆို 'ဥစ္စာရင်လို ဥစ္စာရင်ခဲ' ဆိုသလိုပဲ။ ကိုယ်လုပ်မှ ကိုယ်ရတယ်။ သူများ ကူညီမှာ၊ ကယ်တင်မှာကိုပဲ ထိုင်စောင့်ပြီး ကိုယ်တိုင်က ဘာမှ မလုပ်ရင်တော့ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး။ အဲဒါကြောင့် ကယ်တင်ရှင် မမျှော်နဲ့။ အရိပ်မခိုနဲ့လို့ လူငယ်တွေကို ပြောလိုက်ချင်ပါတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## ကွက်လပ်ဖြည့်သူ

မကျန်းမာတဲ့ကြားက တစ်နေ့ နှစ်ပုဒ်နှုန်း ပုံမှန်ရေးတာနဲ့ ပတ်သက်ပြီး ရင်းနှီးသူတွေက စိုးရိမ်ကြတယ်။ ကျန်းမာရေးကိုလည်း ဂရုစိုက်ပါဦးလို့ သတိပေးကြပါတယ်။

**ကိုယ့်ရှူးကိုယ်ပတ်**

မိတ်ဆွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ကိုယ်တိုင်ကလည်း စာတွေ ဒီလောက်များများ မရေးချင်ပါဘူး။ စာလေး ဘာလေး များများဖတ်ပြီး နည်းနည်းပဲ ရေးချင်ပါတယ်။ ဒါပေမဲ့ အခြေအနေက နောက်ဆုတ်လို့မရတဲ့ အနေအထားမျိုး ကြုံတွေ့နေရပါတယ်။ 'ကိုယ့်ရှူးကိုယ်ပတ်' ဆိုတဲ့ စကားလို ဖြစ်နေရပါတော့တယ်။

**မျိုးဆက်ပျောက်မှာ စိုးလို့**

စာပြန်ရေးနိုင်ချိန် လွန်ခဲ့တဲ့ ၂၅ နှစ်လောက်စပြီး ပထမဆုံးရေးခဲ့တာ သတင်းစာပညာဆိုင်ရာ ဆောင်းပါးတွေ ဖြစ်ပါတယ်။ အများဆုံး ရေးခဲ့တဲ့ အကြောင်းအရာလည်း ဖြစ်ပါတယ်။ သတင်းစာသမား၊ သတင်းထောက်

mgyoe.com

mgyoe.com SAMPLE BOOK

တွေ၊ အယ်ဒီတာတွေ မျိုးဆက်ပျောက်ပြီး သတင်းစာပညာပါ တိမ်ကောသွားတော့မယ့် အခြေအနေမျိုး မြင်တွေ့နေရတာကြောင့် အဓိက ဦးစားပေးပြီး ရေးခဲ့တာ ဖြစ်ပါတယ်။

**လောကွတ်သာ ကောင်းတာလား**

သတင်းထောက်တွေ၊ အယ်ဒီတာတွေ မျိုးဆက်ပျောက်မှာ စိုးရိမ်ခဲ့သူတစ်ဦးက ခုလို သတင်းဂျာနယ်တွေ အရှိန်ယူပြီး လူးလွန့်ရုန်းထလာချိန်မှာ ကိုယ့်ဆီကို အားကိုးအားထားပြုပြီး လာရောက် အကူအညီတောင်းကြတာကို ခပ်ပေါ့ပေါ့ သဘောထားနေလိုက်ရင် 'လောကွတ်' သာ ကောင်းတာ၊ လက်ပါတာ မဟုတ်ဘူး (lip service) လို့ ပြောကြတော့မှာပေါ့။

**ရှင်သန်ထမြောက်ခြင်း**

တစ်သက်လုံး သတင်းစာလုပ်ငန်း တစ်ခုတည်းကိုသာ အမြတ်တနိုးဖက်တွယ်နေခဲ့သူတစ်ယောက် အနေနဲ့လည်း ဒီလိုအချိန်မှာ လူငယ်တွေကို တစ်တပ်တစ်အား ကူညီရင်း 'သတင်းစာတို့ရဲ့ ရှင်သန်ထမြောက်ခြင်း' (resurrection of newspapers) ကို အခြေခိုင်သထက်ခိုင်အောင် ပါဝင်ဆောင်ရွက်သင့်တယ်လို့လည်း ခံယူပါတယ်။

**နာမည်မျိုးစုံ၊ စာမျိုးစုံ**

အဲဒီခံယူချက်ကြောင့်လည်း လူငယ်တွေ လာပြီး အကူအညီတောင်းတဲ့အခါတိုင်း မငြင်းတမ်း ခေါင်းညိတ်ခဲ့တာချည်း ဖြစ်ပါတယ်။ စောစောပိုင်းက ဆို နိုင်ငံခြားသတင်းတွေ ဘာသာပြန်တဲ့အလုပ်ကိုတောင် ဝိုင်းလုပ်ပေးရပါတယ်။ ဂျာနယ်တစ်စောင်တည်းမှာ နိုင်ငံခြားသတင်း ဆယ့်လေးငါးပုဒ် ဘာသာပြန်ပေး၊ နာမည်အမျိုးမျိုးနဲ့ ဆောင်းပါးပေါင်းစုံ သုံးပုဒ်လောက် ရေးပေး ဆိုတာမျိုးတောင် လုပ်ပေးခဲ့ရဖူးပါတယ်။ ဒီလိုနဲ့ တစ်စောင်ပြီးတစ်စောင် ဂျာနယ်တွေ တိုးတိုးလာတိုင်း ရောက်ရောက်လာကြလေတော့ ခုဆို နေ့စဉ် တစ်နေ့တစ်နေ့ နှစ်ပုဒ်နှုန်း ရေးရတဲ့အထိ ဖြစ်သွားပါတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

**စာဖတ်ချိန် နည်းပါး**

အခုတော့ သတင်းထောက်လူငယ်တွေ၊ အယ်ဒီတာလူငယ်တွေ အများကြီး ပေါ်ထွက်လာကြပြီမို့ သတင်းဘာသာပြန်ပေးတာမျိုးတွေ မလုပ်ရတော့ပါဘူး။ ဆောင်းပါးတွေသာ ရေးပေးရပါတယ်။ ဆောင်းပါးတွေသာ ဆိုတယ်၊ အရေအတွက်က များလေတော့ တစ်နေ့နှစ်ပုဒ် မှန်မှန် ရေးမှ ဖြစ်တဲ့အခြေအနေ ရောက်နေပါတယ်။ ဒါ မကောင်းပါဘူး။ စာဖတ်ချိန် မရှိသလောက် နည်းသွားပါတယ်။ ဖတ်တော့လည်း စာရေးဖို့အတွက်သာ ဦးစားပေးနေရပါတယ်။ ဒါပေမဲ့လို့ သတင်းဘာသာပြန် လုပ်ပေးရတာက လွတ်သွားသလို ပင်တိုင်ဆောင်းပါးတွေ ရေးနေရတာလည်း ဖြည်းဖြည်းချင်းတော့ လွတ်သွားမှာပဲလို့ ယုံကြည်ပါတယ်။

**ပင်တိုင်တွေ ပေါ်လာလိမ့်မယ်**

လူငယ်ဆိုတာ လူကြီးလို အထမနှေးဘူး။ သွက်လက်ဖျတ်လတ်တယ်။ အတတ်မြန်တယ်။ ဒီတော့ မကြာမီမှာပဲ ပင်တိုင်ဆောင်းပါး ရေးမယ့်သူတွေ အများကြီးထွက်လာမှာ သေချာတယ်။ နမူနာအနေနဲ့ ပြစရာရှိပါတယ်။ လွန်ခဲ့တဲ့ လေးငါးခြောက်နှစ်က 'မူပိုင်ခွင့်' ဆိုတဲ့စကား ပြောကြားသူ မရှိသလောက် ဖြစ်တယ်။ အဲဒါကြောင့် နိုင်ငံတကာ မူပိုင်ခွင့်ဥပဒေတွေအကြောင်း မဂ္ဂဇင်းတစ်စောင်မှာ ၂ နှစ်ကျော် အခန်းဆက်ဆောင်းပါးတွေရေးပြီး မိတ်ဆက်ပေးခဲ့တယ်။ အခုဆို မူပိုင်ခွင့်အကြောင်း ပြောမယ့်၊ ရေးမယ့်သူတွေ အများကြီး ရှိလာခဲ့ပြီ။

**ကွက်လပ်ဖြည့်တာ**

အလားတူပဲ။ စာနယ်ဇင်းလောကမှာ မရှိမဖြစ် ရှိသင့်ပေမဲ့ မရှိသေးတဲ့ 'ကြော်ငြာအတတ်ပညာ'၊ 'စာနယ်ဇင်း မိတ်ကပ်ပညာ'၊ 'စာနယ်ဇင်း ကျင့်ဝတ်' စတဲ့ အကြောင်းအရာတွေနဲ့ ပတ်သက်လို့လည်း အခန်းဆက်ဆောင်းပါးတွေ ရေးခဲ့တယ်။ စာအုပ်အဖြစ်လည်း စုပေါင်းထွက်ရှိခဲ့တယ်။ 'ရှင်သန်ထမြောက်စ' စာနယ်ဇင်းလောကမှာ လိုအပ်နေတဲ့ ကွက်လပ်ကလေးတွေ လိုက်ဖြည့်ပေးတဲ့ သဘောပါပဲ။ မေတ္တာ၊ စေတနာထားကြတဲ့ မိတ်ဆွေများက ဂျာနယ်ဆောင်းပါးတွေနဲ့သာ အချိန်ကုန်မနေပါနဲ့။

mgyoe.com

mgyoe.com SAMPLE BOOK
ကိုယ့်အတွက် ကျန်ရစ်မယ့်စာမျိုးတွေ ရေးပါဦးလို့ တိုက်တွန်းကြတယ်။ ကျေးဇူးတင်ရပါတယ်။ ဒါပေမဲ့ 'ရှင်သန် ထမြောက်စ' စာနယ်ဇင်းလောကမှာ ဖြည့်စရာကွက်လပ်တွေ အများကြီး ရှိနေပါသေးတယ်။ တတ်အားသလောက် ဒါတွေကို ဖြည့်ရပါဦးမယ်။ ဒီတာဝန်ကို စာနယ်ဇင်းသမားက မယူရင် ဘယ်သူ လာယူမှာလဲ။ ကျန်ရစ်မယ့်စာတွေ ရေးတယ်ဆိုတာက ရသသမား စာရေးဆရာတွေရဲ့အလုပ်။ ကိုယ်က အရင်းစစ်ရင် စာရေးဆရာမှ မဟုတ်တာ၊ စာနယ်ဇင်းသမားပဲ။ စာနယ်ဇင်းသမားဆိုတာ ကွက်လပ်ဖြည့်သူပဲလေ။

■

mgyoe.com

mgyoe.com SAMPLE BOOK

## ယောက်ျားတွေ အတင်းပြောတတ်တယ်

နှစ်ပေါင်း ၄၀ ကျော် သတင်းစာသမားတစ်ယောက် ဖြစ်ခဲ့တာကြောင့် တစ်ကြောင်း၊ အဲဒီ နှစ်ပေါင်း ၄၀ ထဲမှာ အနှစ် ၂၀ ကျော်က ကျောင်းဆရာတစ်ပိုင်း၊ စာရေးဆရာတစ်ပိုင်း လုပ်ခဲ့တာကြောင့် တစ်ကြောင်း သိကျွမ်းရင်းနှီးသူ ပေါများပါတယ်။ နေတဲ့အိမ်ကလည်း မြို့လယ်မှာဆိုတော့ နေ့ခင်းနေ့လယ်များမှာ ဧည့်သည်ပြတ်လှတယ်လို့ မရှိပါဘူး။

ကျောင်းသူ၊ ကျောင်းသား တပည့်များကလည်း မာကြောင်း၊ သာကြောင်း မေးဖို့၊ တိုင်ပင်နှီးနှောဖို့ နေ့စဉ်လိုလို ရောက်တတ်ကြပါတယ်။ အဲဒီလို ရောက်လာကြတဲ့အခါတိုင်း ရင်ဖွင့်ချင်လို့ပါဆိုပြီး ရောက်တတ်ရာရာ စကားများ ပြောတတ်ကြပါတယ်။ တချို့က လက်ဖက်ရည်ဆိုင်စကားများ ပြန်ပြီး ဖောက်သည်ချတတ်ကြပါတယ်။

ရှေးက 'ဈေးစကား' ဆိုတဲ့အသုံး ကြားဖူးပါတယ်။ ဈေးထဲက ဈေးသည်မတွေ နေ့လယ်နေ့ခင်း ဈေးဝယ်ရှင်းချိန်များမှာ တိုးတိုး တိုးတိုးနဲ့ အတင်းအဖျင်း စကားရောင်း၊ စကားဝယ်၊ စကားသယ်၊ စကားပို့ ပြောလေ့ရှိတာတွေကို 'ဈေးစကား'လို့ ခေါ်ကြတာလို့ မှတ်သားဖူးပါတယ်။

mgyoe.com